စိတ်ကူးချိုချိုအနုပညာ

# မြန်မာဇာတ်သဘင် ပညာရှင်များ

## ဆင်ဖြူကျွန်းအောင်သိန်း



ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# မြန်မာဇာတ်သဘင် ပညာရှင်များ

ဆင်ဖြူကျွန်းအောင်သိန်း

အတွင်းဓာတ်ပုံများကို
ကိုတင်သိန်း(ဂရိတ်ဓာတ်ပုံဆိုင်၊ သာကေတ)က
ကျေးဇူးပြုပါသည်။

ISBN9789997119773
SPK34
9 789997 119773
3,500.00KS

mgyoe.com

မြန်မာဇာတ်သဘင်ပညာရှင်များ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၄၀++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀၊ သင်းစာပေ၏ ပထမအကြိမ်မှူ

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- စာဦးအမှာ (က)
၀ ရုပ်သေး ၁
- ရုပ်သေးမင်းသမီး ဦးဖူးညို ၅
- ရုပ်သေးမင်းသား ပခန်းဆရာညို ၁၁
- ရုပ်သေးပညာရှင်ကြီး ဦးဟသ်ာ ၁၅
- ရုပ်သေးမင်းသား ဦးကျော်အေး ၁၇
- ရုပ်သေးမင်းသမီး မသိန်းတင် ၂၃
- ရုပ်သေးမင်းသား ရွှေဘိုတင်မောင် ၂၇
၀ မင်းသား မင်းသမီး ၃၁
- မင်းသား ဦးစိန်ကတုံး ၃၅
- မင်းသား မဂ်လာဦးအောင်မောင်း ၄၁
- မင်းသား ရွှေမန်းတင်မောင် ၄၃
- မင်းသား ရွှေကျီးညို ၅၃
- မင်းသား ရွှေနန်းတင် ၅၅
- မင်းသား ကနက်စိန် ၅၇
- မင်းသား စိန်အောင်မင်း ၆၂
- မင်းသား ရွှေမန်းပန်တျာကြည်လင် ၆၈


mgyoe.com

mgyoe.com


– မင်းသား မင်္ဂလာသိန်းအောင် ၇၀
– မင်းသား အမယ်ကြီးအို အောင်စိန် ၇၃
– မင်းသား ကုလားမ ညွန့်စိန် ၇၆
– မင်းသား ဦးအောင်ငြိမ်း ၈၀
– မင်းသား တိုင်းချစ်သန်းစိန် ၈၃
– မင်းသား ပန်တျာကျော်ဝင်း ၈၆
– မင်းသား ရွှေမြိုင်စိန်မောင် ၈၈
– မင်းသား ရွှေဒေါင်းညို ၉၀
– မင်းသား ပုလဲစိန် ၉၃
– မင်းသား တိုင်းချစ်တင်ငွေ ၉၅
– မင်းသား ရွှေမန်းကြည်လှိုင် ၉၇
– မင်းသား နေပြည်တော်တင်ဝင်း ၉၉
– မင်းသား ဇန္ဒုလကျော်စိန် ၁၀၂
– မင်းသား လှထွန်း ၁၀၄
– မင်းသား ပြည်တော်သန်း ၁၀၆
– မင်းသား အောင်လံတော်မောင်ခင်စိန် ၁၀၈
– မင်းသား စကောက်ကျော်လှိုင် ၁၁၁
– မင်းသား စိန်လှိုင်ဗိုလ် ၁၁၃
– မင်းသား စိန်အောင်ကျော် ၁၁၅
– မင်းသား မန္တလေးသိန်းဇော် ၁၁၇
– မင်းသား အုန်းမှုတ်စိန် ၁၁၉
– မင်းသမီး ဆင်ခိုးမလေး ၁၂၁
– မင်းသမီး မြခြေကျင်းမငွေမြိုင် ၁၂၇
– မင်းသမီး ဗလပြန် ၁၃၁


mgyoe.com

mgyoe.com


– မင်းသမီး ချစ်အာရုံမြည့ွန့်ရည် ၁၃၄
– မင်းသမီး ယုဝတီခင်ညွန့် ၁၃၆
– မင်းသမီး ဥသြရွှေ ၁၃၈
– မင်းသမီး ရန်ကုန်သူမခင်စိန် ၁၄၀
– ယောကျ်ားမင်းသမီး မယ်အောင်ဗလ ၁၄၃
– မင်းသမီး တရုတ်မ မကျင်စိန် ၁၅၀
– မင်းသမီး ရွှေမန်းရီရီ ၁၅၄
– မင်းသမီး သြဘာစိန် ၁၅၆
– မင်းသမီး ချင်းမမြဖစိန် ၁၅၈
– မင်းသမီး အောင်သန်းကြည် ၁၆၀
– မင်းသမီး စိန်လှကြည် ၁၆၂
– မင်းသမီး အောင်ညွန့်ခင် ၁၆၄
– မင်းသမီး စိန်ဟန်တင် ၁၆၆
– မင်းသမီး ခင်ညိုညို ၁၆၈
၀ ပြဇာတ် ၁၇၁
– ပြဇာတ်မင်းသား ခင်မောင်မြင့် ၁၇၅
– ပြဇာတ်မင်းသမီး ခင်ခင်ညို ၁၇၇
– ပြဇာတ်မင်းသား ကိုစိန်ရွှေ ၁၇၉
– ပြဇာတ်မင်းသား ခင်မောင်တင့် ၁၈၁
– ပြဇာတ်မင်းသမီး မြို့တော်ချစ်အောင်သန်းကြည် ၁၈၃
– ပြဇာတ်မင်းသား ထိန်ဝင်း ၁၈၅
၀ အငြိမ့် ၁၈၇
– အငြိမ့်မင်းသမီး လေဘာတီ မမြရင် ၁၉၁
– အငြိမ့်မင်းသမီး နွဲ့နွဲ့စန်း ၁၉၅


mgyoe.com

mgyoe.com


– အငြိမ့်မင်းသမီး စိန်ပိုးတီ ၁၉၇

– အငြိမ့်မင်းသမီး ရွှေလိပ်ပြာ ၁၉၉

– အငြိမ့်မင်းသမီး အိန္ဒိယ မစိန်မှုံ ၂၀၇

– အငြိမ့်မင်းသမီး ဒဂုံခင်လှကြည် ၂၁၁

– အငြိမ့်မင်းသမီး တလိုင်းမမြကြင် ၂၁၈

– အငြိမ့်မင်းသမီး မြို့ချစ်စိန် ၂၂၂

– အငြိမ့်မင်းသမီး ကမ္ဘောဇစိန်ကြည် ၂၂၄

– အငြိမ့်မင်းသမီး သြဘာစိန် ၂၂၅

– အငြိမ့်မင်းသမီး ခေတ်ဆန်းကြည် ၂၂၆

– အငြိမ့်မင်းသမီး ရွှေမန်းလှအုံးမယ် ၂၂၈

၀ စာရေးဆရာ ၂၃၁

– စာရေးဆရာ ညောင်စောက် ဆရာဖိုး ၂၃၇

– စာရေးဆရာ နယားပျံ ၂၄၁

– စာရေးဆရာ လက်ပိုက်မင်းသား ဦးဖုန်းမို ၂၄၃

– စာရေးဆရာ ဆရာထာ ၂၄၇

– စာရေးဆရာ ဦးဘမောင် ၂၅၀

– စာရေးဆရာ ရွှေတိုင်ချစ် ၂၅၂

– စာရေးဆရာ ရွှေတိုင်မြင့် ၂၅၄

၀ ဆိုင်း ၂၅၇

– ဆိုင်းဆရာ စိန်ဗေဒါ ၂၆၁

– ဆိုင်းဆရာ ဦးဟန်ပ ၂၇၃

– ဆိုင်းဆရာ ဦးဘမောင် ၂၈၀

– နှဲဆရာ ဦးသာခင် ၂၈၂

– ဆိုင်းဆရာ မြစည်သူ ၂၈၆


mgyoe.com

mgyoe.com


– ဆိုင်းဆရာ စိန်လှမြိုင် ၂၈၈
– ဆိုင်းဆရာ စိန်တင်ဟန် ၂၉၁
– ဆိုင်းဆရာ ဦးချစ်ရာ ၂၉၆
– ဆိုင်းဆရာ ကိုစိန်နွဲ့ ၂၉၈
၀ လူရွှင်တော် ၃၀၁
– လူရွှင်တော် ဦးဓာတ်ရှင် ၃၀၃
– လူရွှင်တော် ရွှေငါး ၃၀၇
– လူရွှင်တော် ဦးဓာတ်ကြည် ၃၀၉
– လူရွှင်တော် ဦးတိမ်ရောင် ၃၁၀
– လူရွှင်တော် ဦးပိုလို ၃၁၂
– လူရွှင်တော် ဦးရွှေဖျိုင်း ၃၁၄
– လူရွှင်တော် ပေါစံ ၃၁၆
– လူရွှင်တော် သိန်းတန် ၃၁၈
– လူရွှင်တော် လေဘို ၃၂၀
– လူရွှင်တော် ဦးသြဇာ ၃၂၂
– လူရွှင်တော် စိန်လက်မ ၃၂၄
– လူရွှင်တော် စံဖဲ ၃၂၆
– လူရွှင်တော် ဖိုးပန်ချာ ၃၂၈
– လူရွှင်တော် ဒိန်ခဲ ၃၂၉
– လူရွှင်တော် ရန်ကုန်ပေါက်စီ ၃၃၀
– စာပြီးအမှာ ၃၃၁
– အက္ခရာစဉ်အညွှန်း ၃၃၄
– မှီငြမ်းကိုးကားစာရင်း ၃၃၉


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# စာဦးအမှာ

## ( ၁ )

ဤစာကို "မြန်မာဇာတ်သဘင် ပညာရှင်များ" ဟု ခေါ်ပါသည်။ ပြုစုသူ မှာ ဆင်ဖြူကျွန်းအောင်သိန်း ဖြစ်ပါသည်။

ထိုသို့ပြုစု ရာ၌ ဆင်ဖြူကျွန်းအောင်သိန်းသည် တော်လွန်းသော ကြောင့် ဤစာအုပ်ကို ပြုစုခြင်း မဟုတ်ပါ။

ဤစာအုပ်ကိုပြုစုရာ၌ ဆင်ဖြူကျွန်းအောင်သိန်းသည် တတ်လွန်းသောကြောင့်လည်း မဟုတ်ပါ။

ဤစာအုပ်ကို ဆင်ဖြူကျွန်းအောင်သိန်းသည် သိလွန်းသောကြောင့် ပြုစုခြင်းလည်း မဟုတ်ပါ။ လုပ်သူမရှိသောကြောင့် ထလုပ်ခြင်း ဖြစ်ရာ အပြစ်တင်ခြင်း ရှုတ်ချခြင်းကို လက်သင့်မခံပါ။ အကြံဉာဏ်ပေး လျှင်ကား လက်ခံစဉ်းစား

mgyoe.com

mgyoe.com



ပါမည်။ မသေချာသော ဒုတိယပုံနှိပ်ခြင်းတွင် ပြင်ဆင်ထည့်သွင်းဖော်ပြပါမည်။

## ( ၂ )

၁၉၈၅ ခုနှစ်ခန့်တွင် ကျွန်တော်သည် ဤစာအုပ်မျိုးတစ်အုပ် ပြုစုထုတ်ဝေရန် စိတ်ကူးခဲ့ဖူး၏။ ကျွန်တော်တိုင်ပင်သူက အားမပေး၊ မတိုက်တွန်း ပါ။ အောင်မြင်မည်မထင်၊ ဖြစ်မြောက်မည်မထင်သဖြင့် ပါးစပ်ကို တတ်စွမ်းသရွေ့ ချုပ်ထိန်းထားဟန်တူ၏။

ထိုအကြောင်းကြောင့်ပေလော၊ အခြားအကြောင်းကြောင့်ပေလောဟု ကာယကံရှင်ဖြစ်သော မိမိသည်ပင် မမှတ်မိတော့ပါ။ မလုပ်ဖြစ်ပါ။ သို့ရာတွင် ယခုဖြစ်ပေါ်ခံစားရသော အသိမှာ "ထိုစဉ်ကသာ လုပ်ဖြစ်ခဲ့လျှင် အဘယ်မျှကောင်းမည်နည်း" ဟူ၍ ဖြစ်ပါသည်။

ယနေ့မှ နောက်ကြောင်းသို့ ပြန်စောင်းကြည့်သောအခါ နှစ်ပေါင်း အစိတ်ခန့် ကြာမြင့်ခဲ့ပြီ။ ထိုမျှသောကာလသည် သက်ရှိသတ္တဝါတို့ များစွာ ပြောင်းလွဲသွားနိုင်ပေ၏။

အသွားနှေးကွေးသော အချိန်ကာလဆိုလျှင် တော်သေး၏။ ယနေ့အချိန်အခါကား အပြောင်းအလွဲ လွန်စွာလျင်မြန်သည်။ အရာအားလုံး လျင်မြန်စွာ ပြောင်းလွဲနေသောကြောင့်၊ နောက်ကျလျှင် မမီခြင်းသာ အဖတ်တင်တော့၏။

သို့ဖြစ်သောကြောင့် "မြန်မာဇာတ်သဘင် ပညာရှင်များ" အမည်ရှိသော စာအုပ်ကို လွန်ခဲ့သော နှစ်ပေါင်းအစိတ်

mgyoe.com

mgyoe.com



ကသာ ပြုစုဖြစ်လျှင် အဘယ်မျှကောင်းမည်နည်းဟု တမ်းတမိခြင်း ဖြစ်ပေ၏။

( ၃ )

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာက မြန်မာတို့၏ ဖျော်ဖြေမှုသည် အလွန်ရှားပါးခဲ့၏။ အမှိုက်စကလေး လေထဲ၌ လွင့်မျောသည်ကို ကသည်၊ ခုန်သည်၊ တေးသီဖွဲ့သည်ထင်ကာ သာယာခဲ့ကြ၏။ ဆေးခြယ်ထားသော သစ်သားစကို ဤအရာကား လူရွှင်တော်၊ ဤအရာကား မင်းသား မင်းသမီးဟု သတ်မှတ်ကာ နှစ်သက်အားပေးခဲ့ကြ၏။

ပွဲတစ်ခုသည် တော်ရုံတန်ရုံဖြင့် မဖြစ်။

ပွဲတစ်ခုဖြစ်ပြီဆိုလျှင် လာလိုက်ကြသည့်လူတွေ။။ သတင်းကြားဖြင့်လာကြသည်။ အသံသဲ့သဲ့ကြားကာမျှဖြင့် လာကြသည်။ သေးငယ်သော ရုပ်သေးရုပ်ကို လှည်းဝိုင်းအစွန်မှ မမြင်ရသောအခါ အသံကို အားပြုခဲ့ကြ၏။ ဖြေဖျော်မှု စွမ်းအား အပြည့်အဝမပေးနိုင်သော အမြင့် သဘင်မှန်စေကာမူ စည်းကမ်းတွေများလှသည်။ စင်ပေါ်သို့ မိန်းမ မတက်ရ။ သို့သော် တည်ပါသလော၊ မတည်ပါ။

သေးငယ်သော ရုပ်သေးရုပ်ကို အားမရသောကြောင့်၊ ရုပ်ကြီးစင်ကို တီထွင်သော်လည်း မအောင်မြင်ပါ။ မြေဝိုင်းသဘင်များသာ ဖွံ့ထွားတိုးတက်လာ၏။ မြေကြီးပေါ်တွင် ကပြနေသောဇာတ်တွေ ခုံပေါ်စင်ပေါ် တက်လာကြသည်။ ရေနံချေးမီးရောင်မှ ရေနံဆီမီးရောင်၊ လျှပ်စစ်မီးရောင်သို့ ပြောင်းလွဲတိုးတက်လာ၏။

mgyoe.com

mgyoe.com

( ဃ )

မရှေးမနှောင်းမှာပင် ဖြေဖျော်မှု ပစ္စည်းနှစ်မျိုးဖြစ်သည့် ဓာတ်လုံး ဓာတ်ပြား ပေါ်ပေါက်လာသည်။ အမြင့်သဘင် ဆုတ်ယုတ်လာပြီး အနိမ့် သဘင် စည်ကားတိုးတက်လာသည်။ ဖြေဖျော်ရေးပစ္စည်းအဖြစ် ဓာတ်လုံး ဓာတ်ပြားစက်မှုသာရှိခဲ့ရာမှ ရုပ်ရှင်ဟု ခေါ်သောအရာ ပေါ်ပေါက်လာ၏။

ကက်ဆက်အထိ ခံနိုင်စွမ်းရှိသေးသော ဇာတ်သဘင်သည် ရုပ်မြင်သံကြားပေါ်လာသောအခါ ကယောင် ချောက်ချားဖြစ်ရာက တိမ်းယိမ်း ခဲ့ရပြီ။ သူနှင့်အတူ ရောယောင်ပြီးပါသွားသူကား အငြိမ့်သဘင်ဖြစ်သည်။

သို့သော် ဗလာဆိုင်း၊ ဧည့်ခံဆိုင်းများ ကျန်ခဲ့သည်။ သူတို့ တောင့်ခံနေကြ၏။ သူတို့ မည်မျှကြာကြာ၊ မည်သို့ တောင့်ခံနိုင်မည်ကိုကား ကြိုတင်၍ မပြောနိုင်သေးပေ။

( င )

ဤစာအုပ်ကို လွန်ခဲ့သောနှစ်ပေါင်းအစိတ်ကသာ ပြုစုခဲ့လျှင်၊ ယခုကဲ့သို့ ခြောက်သွေ့တိတ်ဆိတ်နေမည် မဟုတ်ပေ။ မိမိအသက်သည် ရှစ်ဆယ်ကျော်ခဲ့ပြီဆိုရသော်ငြား၊ ခေတ်ကာလနှင့်ယှဉ်သောအခါ ဘာမျှမဟုတ်ပေ။

ငါးမည်ရတင်သိန်း ကြားဖူးသူပင် ရှားပါးလှသည်။ ခုနစ်ထွေ ထွန်းရီ၊ သူ့အကြောင်း တစ်စွန်းတစ်စသော် ကြားရ၏။ သူ့အကြောင်း မဟုတ်ပေ။ သရဲအောင်စိန်ကိုလည်း မကြားဖူးသူက များ၏။ မင်း ဒုတိယဖိုးစိန်ဟာ ဘယ်တော့မျှ ပထမဖိုးစိန်မဖြစ်ဘူးကွ ဟူသောစကား ကို စကားအဖြစ်ကား

mgyoe.com

mgyoe.com



ထင်ခဲ့ကြား မဟုတ်ပေ။ ဒုတိယဖိုးစိန်မှာ အမှန်ပင် ရှိခဲ့ကြား၊ စုံစမ်း၍ မရပေ။

ခေတ်ပါတီ၊ ရတနာပုံအေးမောင်၊ အာဇာနည်လှကြည်၊ ရွှေမန်း ကျော်အောင်တို့ဆိုလျှင် မျက်စိအောက်တွင် မြင်နေရ ဆဲဖြစ်လျက် အကြောင်းအရာ ရှာဖွေ၍ မရပေ။ ထိုနည်းတူပင် ဖက်ရှင်အောင်ငွေနှင့် ကောလိပ်မြိုင်၊ ရွှေနှင်းဆီတို့ဆိုလျှင် မျက်စိအောက်တွင် ပေါ်လာသော အငြိမ့်တွေဖြစ်ပါလျက် စုဆောင်းလိုသောအခါ အဆင်မပြေပေ။

ပါသင့်ပါလျက်၊ ပါလည်းပါစေချင်ပါလျက် ကျန်ခဲ့ သော ပညာရှင်တွေ များစွာရှိပေသည်။ ပထမတစ်မျိုးမှာ တပ်မတော်နယ်လှည့်ဖျော်ဖြေရေးမှ ဆိုင်းသမားတွေနှင့် အငြိမ့်သမ၊ လူရွှင်တော်များဖြစ်သည်။ မြန်မာ့အသံမှ ဆိုင်း အဖွဲ့ဖျော်ဖြေခန်း အသံလွှင့်ရာ တစ်ကြိမ်တည်းဖြင့် ဆိုင်း ဆရာသုံးယောက်ဝင်ရောက် အသုံးတော်ခံသည်ကို နားဆင် ရဖူး၏။

နောက်တစ်မျိုးမှာ ငွေအား မတတ်နိုင်သောကြောင့် နိုင်ငံအနှံ့ လှည့်လည် မကပြနိုင်သည့်အတွက် လူသိနည်း သော "ဒေသိယပညာရှင် များ"ဖြစ်ကြသည်။ တကယ်တော် ပါလျက်၊ တကယ်တတ်ပါလျက် ကိုယ့်အရပ်တွင်သာ ထွန်း တောက်ပြီး ကြွေလွင့်သွားရသော ပညာရှင်များ ဖြစ်ပါသည်။

နောက်တစ်မျိုးမှာကား ဤသို့ဖြစ်ပါသည်။

ဤစာအုပ်တွင်–

(၁) ရုပ်စုံမင်းသား မင်းသမီးများ

(၂) ဇာတ်မင်းသား ဇာတ်မင်းသမီးများ

mgyoe.com

mgyoe.com



(၃) ပြဇာတ်မင်းသား မင်းသမီးများ

(၄) အငြိမ့်မင်းသား မင်းသမီးများ

(၅) ကွက်စိပ်စာဟောပါသော စာရေးဆရာ

(၆) ဆိုင်းဆရာ

(၇) လူရွှင်တော်ဟူ၍ ခွဲခြားထားရာ အမှတ်စဉ် ၄ "အငြိမ့်မင်းသမီး"ဟု ရိုးရိုးမဆိုဘဲ၊ "အငြိမ့်မင်းသားမင်းသမီး" ဟု ဆိုလိုက်သည့်အတွက် ရှုပ်ကုန်ပါသည်။ မြန်မာဇာတ် သဘင်လောက၌ အငြိမ့် မင်းသားဟု မရှိခဲ့ဖူးပါတကား။

မှန်ပါသည်။ အငြိမ့်သဘင်လောကတွင် အငြိမ့် မင်းသမီးဟူ၍သာ ကြားဖူးပါလျက် အငြိမ့်မင်းသားဟု လုပ်လိုက်ခြင်းမှာ ကွန့်လိုက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သော် လည်း အပိုကား မဟုတ်ပါ။

ဇာတ်သဘင်လောကတွင် တောင်မရောက်မြောက် မကျ မင်းသား များစွာရှိပါသည်။ "ကျားငမှင်၊ ဆင်ငဖိုး၊ မျောက်ငသော်" ဟူသည့် မင်းသားများ ရှိခဲ့ဖူး၏။ ကျား အဖြစ် ကပြသော ငမှင်သည် ဆိုင်းဝိုင်းကြီး ကို ကျော်လျက် မြေပြင်နှင့် ဇာတ်စင် ကူသန်းကပြ၏။ မျောက်ငသော် မှာ ဆိုင်းဝိုင်း "ပန်းပြား"တွေပေါ်၌ လျှောက်ပြေးနိုင်သူဖြစ်၏။ သူတို့၏ အကမှာ မလွယ်ကူသော်လည်း သုံးသူမရှိ။

ထိုနည်းတူပင် မန္တလေးဘက်မှ ဦးဘဦးအမည်ရှိသည့် "လင်းကွင်းပစ်" မင်းသားကြီးမှာ မလွယ်ကူသော လင်းကွင်း ပစ်ပညာကို တတ်မြောက်စေကာမူ ထိုက်ထိုက်တန်တန် ပေး၍ ငှားသူ မရှိပေ။ ထိုမင်းသားကြီးကို စဉ်းစားမိသော အခါ ရွှဲဝိဇ္ဇာ၊ ခြင်းဝိဇ္ဇာတို့ကို သတိရသည်။ သူတို့နှင့်အတူ

mgyoe.com

mgyoe.com



"ဦးလော်ပေါ်" ကိုပါ အငြိမ့်မင်းသားစာရင်းသွင်းရသော်
ကောင်း အံ့လော စဉ်းစားမိပါသည်။

သို့ရာတွင် စဉ်းစားရုံသာ စဉ်းစား ဖြစ်ပါသည်။
ဦးလော်ပေါ် အစရှိသည့်ပုဂ္ဂိုလ်များကို အငြိမ့်မင်းသားစာရင်း
သွင်းလျှင် ဘားမယ်ကြွေကို မည်သည့်အထဲကို ထားမည်
နည်းဟု မေးစရာဖြစ်လာ၏။ ဤသို့ဖြင့် မုန့်လုံးကို စက္ကူကပ်
ကာ တိုးလိုးတန်းလန်း ဖြစ်နေရပါတော့သည်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ရုပ်သေး

မြန်မာရုပ်သေးကို ရုပ်စုံသဘင်ဟု ခေါ်၏။ ရုပ်သေးစင် ဆောက်လျှင် ရုပ်သေးကပြသောရွာကို ကျောခိုင်းလျက် မဆောက်ရဟု ပညတ်ထား၏။ ထိုနည်းတူပင် ရှေ့မျက်နှာစာ ပင် ခုနစ်ပင်၊ အလယ်နှင့် အနောက် ငါးပင်၊ အရှေ့နှင့် အနောက် အတောင် ၂၀ ရှိရမည်ဟု သတ်မှတ်ထား၏။

မြန်မာ့ရုပ်စုံ သို့မဟုတ် ရုပ်သေးတွင် အနည်းဆုံး အရုပ် ၂၈ ရုပ် ရှိ၏။ အရုပ်များကို ရှေးအခါက ထန်းခေါက်ဖာ၊ နောင်အခါ သစ်သားသေတ္တာများတွင် ထည့်သွင်းသိမ်းဆည်းကြ၏။ ထိုကဲ့သို့ သိမ်းဆည်း ထားသောအခါ အယုတ်အမြတ် ခွဲခြားထား၏။

လက်ဝဲဘက် ထန်းခေါက်ဖာတွင် သိမ်းဆည်းထား

mgyoe.com

mgyoe.com


သော အယုတ် အရုပ်များမှာ လူပြက်၊ ဘီလူး၊ ဆင်၊ မြင်း၊ ကျား၊ ကုန်းမ စသူများဖြစ်၏။ လက်ယာဘက် ထန်းခေါက် ဖာတွင် သိမ်းဆည်းထားသော အမြတ် အရုပ်များမှာ ရဟန်း သံဃာ၊ ရသေ့၊ ရှင်ဘုရင်၊ ဝန်၊ မင်းညီမင်းသား၊ ဇော်ဂျီ၊ သိကြား၊ ဗြဟ္မာတို့ဖြစ်ကြ၏။ ထိုအရုပ်များ ထိန်းသိမ်းသူကို စင်ထိန်းဟု ခေါ်သည်။

ထိုအရုပ်များ ထုလုပ်ရာတွင် အင်္ဂါစုံသည်။ သေတ္တာ ဖွင့်ပွဲ ကျင်းပကာ အရုပ်များကို အစာကျွေးရသည်။ ရုပ်သေး ပွဲ စတင်ကပြလျှင် "နတ်ကန်တော့အက" ဖြင့် စတင်ပြရ၏။ နယ်ရှင်ပယ်ရှင် စသည်များကို တိုင်တည် ကန်တော့ရသည့် သဘောဖြစ်၏။ ထိုအက ကပြီးမှသာ ဟိမဝန္တာခန်းလာသည်။

ဟိမဝန္တာခန်းတွင် ဆင်၊ မြင်း၊ မျောက်၊ ကျား၊ ဇော်ဂျီ၊ ဘီလူး အကများ ထွက်လာရာ ကလေးတွေ အလွန်သဘောကျ ၏။ အပြမှာ ကလေးအကြိုက်ဖြစ်ငြား၊ ဟိမဝန္တာတည်ခန်း ဖြစ်သည်။ ပရိသတ်သည် ဇော်ဂျီထွက်ပြီးအကတွင် ထိုစင်၏ အတော်ဆုံးကြိုးဆွဲကို အကဲခတ်ကြသည်။

ဟိမဝန္တာခန်းပြီးလျှင် ဝန်မင်းများထွက်ကာ တရား ဆွေးနွေးကြသည်။ သံချိုကိုင်ဆရာ ထွက်ကာ အမျိုးသား ရေးနှင့် စပ်လျဉ်းသော စကားများကို ပြောသည်။ လွှတ်တင် ခန်းတွင် ရာဇသတ်၊ ဓမ္မသတ်များ၊ လောကအကြောင်း၊ တရားအကြောင်းများကို ပြောဆိုဆွေးနွေးကြရာ ဝန်ကြီးများ၊ ရှင်ဘုရင်များ၏ လေသံကို နားထောင်ခြင်းအားဖြင့် ထိုစင် ၏ပညာကို အကဲခတ်နိုင်၏။

ရုပ်သေးစင်ပေါ်သို့ အမျိုးသမီး မတက်ရ။ အမျိုးသား

mgyoe.com

mgyoe.com


များသာ အမျိုးသမီးအဖြစ် သရုပ်ဆောင် ပြောရင့်ရသော အချိန်က ရုပ်သေး မင်းသမီး ဦးဖူးညို၊ ရုပ်သေးမင်းသား ပခန်းဆရာညိုတို့၏ အပြောအဆိုများမှာ လူငယ်လူရွယ် ကလေးများအတွက် အလွန်အဖိုးတန်သောကြောင့် ထိုရုပ် သေးများကို သွားရောက်ကြည့်ရှုရန် တိုက်တွန်းခဲ့ကြရပေ၏။

သို့ရာတွင် တိုးတက်လာသောခေတ်ကို ရုပ်သေးလည်း မတွန်းလှန် မဖြိုဖျက်နိုင်ပေ။ အနုပညာ ကိုယ်ခံအားနည်းပါး သော နိုင်ငံများတွင် ပိုမိုဆိုးရွားသည်။ မြန်မာနိုင်ငံတွင် ရုပ်သေးအပါအဝင် အခြားသုခုမ လုပ်ငန်းများပါ ယိမ်းယိုင် ကုန်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကွပ်ကဲ ကြပ်မတ် ပေးနေရလျက် ရှိ၏ ။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ရုပ်သေးမင်းသမီး ဦးဖူးညို

မင်းသမီးအရုပ်အတွက် ဆိုပေးပြောပေးရသောကြောင့် ရုပ်သေးမင်းသမီးဟု ခေါ်တွင်ခဲ့သော ဦးဖူးညိုသည် ငါန်းဇွန်မြို့နယ်၊ နတ်ကြီးရွာ ဇာတိဖြစ်၏။ မျိုးရိုးတွင် သဘင်သည် မပါရှိပေ။ ၎င်းရွာနေ ဦးစံ၊ ဒေါ်မင်းအေးတို့မှ မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်ကြာသပတေးနေ့တွင် မောင်ဖူးညိုကို မွေးဖွားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ က အမြင့်သဘင်နယ်ပယ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ရုပ်သေးမင်းသမီး ဦးဖူးညိုသည် သီပေါမင်းပါတော်မူရန် လေးနှစ်အလို၊ အသက် ၂၀ အရွယ်တွင် ချီးမြှင့်မြှောက်စားခံရ၏။ ၁၂၄၃ ခုနှစ်တွင် ရုပ်သေးမင်းသမီး ဦးဖူးညိုကို သီပေါဘုရင်မင်းမြတ် ပေးသနားတော်မူသော ဘွဲ့မည်ရည်မှာ "မရုသဒ္ဒရွှေတော်ကျော်စွာ" ဘွဲ့ဖြစ်ပေ၏။ အဆောင်အယောင်မှာ "ခုနစ်ပင်စင်ပေါ်"(စင်ပေါ်ကလေး)

mgyoe.com

mgyoe.com


တွင် ဆိုင်းခုနှစ်ချက် ဆင်ယင်ခွင့်လည်း ရပေ၏။

ရုပ်သေးမင်းသမီး ဦးဖူးညိုသည် အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိ မိဘကို လုပ်ကျွေးပြုစုခဲ့၏။ ရုပ်သေးက၍ ရသမျှငွေကြေးကို မိဘလက်ထဲသို့အပ်ခဲ့၏။ သီပေါမင်းမြတ် ရန်သူ့လက်သို့ သုံ့ပန်းအဖြစ် ပါတော်မူရန် လေးလအလို ၁၂၄၇ ခုနှစ် နယုန်လတွင် ရုပ်သေးမင်းသမီး ဦးဖူးညိုသည် မိမိနေထိုင်ရာ နတ်ကြီးရွာမှ ဦးဆိုး၊ ဒေါ်ဆဂါတို့၏ သမီး မခိုနှင့် အကြောင်းဆက်ကာ ပေါင်းဖက်ခဲ့သည်။

အရှင်နှစ်ပါး ပါတော်မူပြီးနောက် လေးငါးဆယ်နှစ်သည် အမြင့်သဘင်ခေတ်ကောင်းချိန်ဖြစ်၏။ သို့ဖြစ်သောကြောင့် ဦးဖူးညို၏ ရုပ်သေးအဖွဲ့သည် တပည့်လက်သား ၃၀ ကျော်ဖြင့် အောက်ပြည်အောက်ရွာသို့ စုန်ဆင်းလာ၏။ ဘုရားဒါယကာ ဦးဖိုးစိန်၏ ဇာတ်သဘင်မှာလည်း အရှိန်ရစဖြစ်၏။ ထိုဇာတ်နှင့်အပြိုင် ကရုံသာမဟုတ် ရုံဝင်ခမှာ လည်း တန်းတူတစ်ရစ်ပါ (တစ်ကျပ်၏ ထက်ဝက်) ပင် ဖြစ်သည်။ ရုပ်သေးမင်းသမီး ဦးဖူးညို၏ အရှိန်အဝါကြီးမားသောကြောင့်သာ ဂရိတ်ဖိုးစိန်နှင့် ပြိုင်နိုင်ခြင်း ဖြစ်၏။

သူသည် ငိုချင်းအများကြီးဖြင့် ပရိသတ်ကို အပူမတိုက်၊ သနားစရာဖြစ်နေရုံကလေးမျှသာ ကရုဏာရသ ပေါ်အောင်ဖော်၍ ပညာပေးသည်။ မှတ်သားစရာ၊ လိုက်နာစရာများကို လွမ်းခန်းတွင်ပါအောင် ပြောသွားသည်။ သို့သော် ကျက်စာ မဟုတ်၊ လက်တန်းပြောပြီး ငိုခြင်းသာ ဖြစ်သည်။

ဦးဖူးညို ရုပ်သေးမင်းသမီးအဖြစ် ကပြခဲ့သော ဇာတ်ထုပ်များအနက် အချို့မှာ–

(၁) ဝဏ္ဏသိင်္ဂီ

(၂) စန္ဒကုမာရ

mgyoe.com

mgyoe.com


(၃) ရာဇတမာန်
(၄) ဇိန်ကွေး
(၅) စကြာရုံ စကြာရ
(၆) သဒ္ဒယုဝတီ
(၇) မောင်ကွေးမယ်ရေး စသည်တို့ဖြစ်သည်။

ရုပ်သေးမင်းသမီး ဦးဖူးညိုသည် နှစ်ပါးသွားတွင် ယောကျ်ားမင်းသား ဦးစိန်ခိုနှင့် အတွဲများပါသည်။ သဘင်ဝန် ဦးသော်တို့ခေတ်က ရုပ်သေးကို မင်းသားခေါင်းဆောင်၏။ သို့ရာတွင် ဦးဖူးညိုတို့ခေတ်တွင်ကား ရုပ်သေးမင်းသမီးများက ခေါင်းဆောင်ချေပြီ။ ထိုခေတ်က ဦးဖူးညို၏စင်နှင့် စင်ပြိုင်များမှာ ဦးဘကျော့နှင့် မန္တလေးဆရာပု၊ ဝမ်းပြည့်ဦးဖိုးဝန်တို့ဖြစ်ကြ၏။

"ထူးတစ်လီ ရှေးပုညရယ်က၊ ဖူးမဒီလေးလုံမမှာဖြင့် တေးစုံသပါ။ မက်စဖွယ်ပါရှင်။ ဒွေးသုည သက်နှစ်ဆယ်၊ နယ်အပေါ် စကားအစစ်ညွှန်းရမှာဖြင့် နှစ်ဆယ်ကျော် ငါးနှစ်စွန်းဆီက ဖြစ်ထွန်းအောင်သည် သဘင်နှင့် ထိမထင်ရွာစဉ်ကျေးမှာ ကြည်ရွှင်ရွှင် နာမည်ပြေးတဲ့အောင် နော်ကွယ် လေးနှစ်ခါလည်"

ပိုင်နိုင်သောအသံဖြင့် ပရိသတ်ကို ညို့ငင်ဖမ်းစားသော ဦးဖူးညို၏ သီချင်းများစွာထဲမှ တစ်ပုဒ်ဖြစ်ပါသည်။

ရုပ်သေးမင်းသမီး ဦးဖူးညိုသည် ဗုဒ္ဓဝင်၊ မဟာဝင်တို့ကို လေ့လာကျွမ်းကျင်သော စာပေဝါသနာရှင် ဖြစ်သည်။ အလှူရေစက် လက်နှင့်မကွာ ပြုနိုင်အောင်လည်း စီးပွားရေးအခြေအနေကောင်းသည်။ သို့ဖြစ်၍ ဦးဖူးညို၏ ကောင်းမှုအဖြစ် ဇာတိနတ်ကြီးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ တိုက်ကျောင်းနှစ်ကျောင်းနှင့် သာလာယံဇရပ်၊ ရေတွင်းများရှိသည်။

mgyoe.com

mgyoe.com


ဦးဖူးညိုသည် အသားညိုညို၊ အရပ် ၅ ပေ ၃ လက်မခန့်ရှိသည်။ ကိုယ်လုံးကိုယ်ပေါက် သေးသွယ်၍ အသွားအလာ သိမ်မွေ့သည်။ တုတ်ကောက်ဆောင်သည်။ အဝတ်အစားမှာ ရင်ဖုံးအင်္ကျီ၊ တောင်ရှည်ပုဆိုး ပန်းရောင်၊ ပိုးကျူထရံ နီညိုရောင်လုံချည်၊ ဖိနပ်သဲကြိုးလုံး အညိုရောင်တို့ကို ဝတ်ဆင်လေ့ရှိသည်။

ရုပ်သေးမင်းသမီး ဦးဖူးညိုသည် ခေါင်းတုံးဖြစ်သည်။ ခေါင်းပေါင်း ရာတွင် ခြင်းခံပြီးပေါင်းကာ ခေါင်းပေါင်းစချသည်။ ခေါင်းပေါင်း ပဝါမှာ ပန်းရောင်က များသည်။ အဖြူအမည်း ပိုးရောအစင်းကို နှစ်သက်ပြီး ရာသီမရွေး စောင်ခြုံအိပ်လေ့ရှိ၏။ အစားအသောက်နှင့် စပ်လျဉ်း၍ ရုံဖန်ရံခါ ဝက်သားစားငြား အမဲသား လုံးဝမစားချေ။ ထို နာမည်ကျော် ရုပ်သေးမင်းသမီးသည် ယောကျ်ားကောင်း မောင်းမ တစ်ထောင်ဟူသည့်စကားကို လက်သုံးပြုလျက် အိမ်ထောင် သုံးဆက် ထားခဲ့၏။ မသေမီ သေတမ်းစာ ရေးပြီးထားခဲ့ရာ သားသမီးအပေါ် သြဇာရှိကြောင်း ထင်ရှားသည်။

သူ့ခေတ်က သူနှင့်စင်ပြိုင် ထင်ရှားသော ရုပ်သေးမင်းသားများမှာ–

(၁) ပုဆိုးခြုံ ကိုရွှေလုံး
(၂) ဓားထိုး ကိုညိုမှိုင်း
(၃) ပေါင်တန်း ကိုကိုကြီး
(၄) ချွဲကိုသစ်
(၅) ဆရာလှိုင်
(၆) ဆရာရိုက်
(၇) ဦးသာပြော
(၈) ကိုအုံးခိုင်
(၉) ကိုဖိုးညဏ်

mgyoe.com

mgyoe.com


(၁၀) ကိုဘိုးကွန်း
(၁၁) ကိုကြွယ်ကြီး စသည်တို့ဖြစ်သည်။

ရုပ်သေးမင်းသမီးများမှာ–

(၁) ဦးချင်းကောင်
(၂) ကိုပျားအုံ
(၃) ကိုမြှားလေး
(၄) ကိုပေါက်ဆိန်
(၅) ကိုပေါက်တူး
(၆) ကိုညိုမှိုင်း
(၇) ကိုရှမ်းကြူ
(၈) ဦးပါတူ
(၉) ဆရာစံ
(၁၀) ဆရာမျှင်
(၁၁) ဆရာမြ
(၁၂) ဦးမူ
(၁၃) ဦးသာစံ
(၁၄) ဆရာလှိုက်
(၁၅) ဆရာရိုက်
(၁၆) ကိုပု
(၁၇) ကိုဘိုးဝန်
(၁၈) ကိုဘကလေး
(၁၉) ကိုသန့် စသူတို့ဖြစ်သည်။

ဦးဖုးညိုသည် အဆိုကောင်းသည်နှင့်အမျှ အပြောလည်းကောင်းလှပေ၏။ အပြောကောင်းသည့်နည်းတူ သူ၏စကားများမှာလည်း ဗဟုသုတ

mgyoe.com

mgyoe.com


တွေ တစ်ပြုံတစ်ခေါင်းကြီးပါပေ၏။ သီပေါမင်း ရန်သူ့လက်သို့ ပါတော်မူပြီးနောက် အမြင့်သဘင်များမှာ ကာလတောင်တာ အတော်ကြာအောင် ပရိသတ်၏ အားပေးမှုခံခဲ့ရ၏။ ဓာတ်စက်များ တွင်ကျယ်လာချိန်တွင် ဦးဖူးညိုသည် ဓာတ်ထုပ်အချို့ကို ဓာတ်ပြားသွင်းခဲ့သေး၏။ ဦးဖူးညို ခေတ်တွင် ဦးဖူးညိုကို ပြိုင်နိုင်သူမှာ ယောကျ်ားမင်းသမီးအောင်ဗလ သာ ရှိခဲ့၏။ တစ်ခေတ်တွင်တစ်ယောက် ထွန်းပေါက်ခဲ့သော ရုပ်သေးမင်းသမီး ဦးဖူးညိုသည် အသက် ၆၈ နှစ်အရွယ်၊ ၁၂၉၁ ခုနှစ်တွင် ကွယ်လွန်ခဲ့ရှာ၏။

ဦးဖူးညိုသည် အပြောကောင်းသည်။ သူ့စကားတွင် မှတ်သားစရာ တွေ၊ ဆုံးမစကားတွေ များစွာပါသောကြောင့် သားသမီးရှင်များ သဘော ကျသည်။ အနိမ့်သဘင်၊ အမြင့်သဘင်ပင်လျှင် ရှားပါးသောအချိန်ဖြစ်ရာ ရုပ်သေး၏ဩဇာ၊ ဦးဖူးညို၏ဩဇာသည် ပရိသတ်ထံတွင် များစွာရှိခဲ့ပေ သည်။

နိုင်ငံတကာယဉ်ကျေးမှု လွန်ကဲစွာ ထိုးဖောက်လွှမ်းမိုးလာချိန်တွင်ကား သေးငယ်သော ရုပ်သေးရုပ်မဆိုထားဘိ၊ ဓာတ်သဘင်များပင် ကွယ်ပျောက်လုလု ဖြစ်နေပေပြီ။

❒

mgyoe.com

mgyoe.com


## ရုပ်သေးမင်းသား ပခန်းဆရာညို

"ဆရာညို ဖာကိုထမ်းပါလို့ တစ်ဝါဆိုလျှင် ဘာလိုလို လွမ်းမိပါတော့၊ ကညာပျို ဘာကိုမှ မလွမ်းလိုက်ပါနဲ့၊ အညာမြို့ ပခန်းကိုတဲ့ ပြန်တော့မယ်"

ဆရာညိုတို့မျိုးရိုးကား သဘင်မျိုးရိုးဖြစ်သည်။ စင်တော်ကြီးတော်ကောက်ခံရသော မစုသဒ္ဒ ရွှေတော်ကျော်သူဘွဲ့ခံ ရုပ်သေးမင်းသမီးလည်းဖြစ်၊ သဘင်ဝန်လည်းဖြစ်သော ဦးချင်းတောင်မှာ အမေ့မောင်ဖြစ်သည်။

ပခန်းဆရာညိုဖြစ်လာမည့် မောင်ညိုကို မြန်မာသက္ကရာဇ် ၁၂၀၆ ခုနှစ်ခန့်တွင် ပခန်းတောင်လက် ဆင်ကြိုးရွာသား ရုပ်သေး မင်းသမီး ဦးရန်ဝေးနှင့် မယ်အိမ်မြဲတို့က ဖွားမြင်ခဲ့သည်။ ရတနာဂီရိပါ အရှင်သီပေါမင်းလက်ထက်တွင်လည်း ဦးချင်းတောင်မှာ စင်တော်လေး မင်းသမီး အဖြစ် မြှောက်စားခံရသည်။

mgyoe.com

mgyoe.com


ထို့ကြောင့်ပင် ဖခင်ဦးရန်ဝေးက သူ့သားမောင်ညိုကို အသံကောင်းလှသည်ဆိုကာ ယောက်ဖတော် ဦးချင်းတောင်ထံသို့ သွားရောက်အပ်နှံသည်။ မောင်ညို အစားမှားပြီး အသံပျက်နေခိုက်တွင် ဘကြီး ဦးချင်းတောင်က သီချင်းအဆိုခိုင်းသည်။ မင်းရဲ့သား ဒီတစ်သက်မှာ မင်းသားဖြစ်မှာ မဟုတ်ဘူး ပြောသံကို မောင်ညို ကြားရသည်။ သို့ကြောင့် "ပညာစုံသောမင်းသား မုချဖြစ်ရမည် "ကြုံးဝါးကာ အောက်ပြည် အောက်ရွာသို့ထွက်လာသည်။

မောင်ညိုသည် ပင်ကိုအသံကောင်းသူဖြစ်ရကား ပခန်းဆရာညို အသံသည် မကြာမီ အညာအရပ်သို့ တက်လာတော့၏။ ဆရာညိုသည် ပြည်၊ ဟင်္သာတ၊ ညောင်တုန်း၊ ပုသိမ်နယ်တွင် မင်းသမီးမစိန်ဖော့နှင့်တွဲ၍ ကပြခဲ့သည်။ ယောကျ်ားမင်းသမီးဦးစီးသော ရုပ်စုံသဘင်တွေကြားတွင် ရှားရှားပါးပါး ယောကျ်ားမင်းသားဦးစီးသော စင်ဖြစ်သည်။

မိန်းမမင်းသမီးကို ဦးစွာ စင်ပေါ်တင်သူမှာ ပခန်းဆရာညိုဟုဆိုကြ၏။ ဆရာညိုတင်ပေးသော ရုပ်သေးမင်းသမီးမှာ ပြည်ရွှေတောင်သူမစိန်ဖြစ်၏။ ဆရာညိုသည် မစိန်နှင့် အကြောင်းပါပြီး မောင်တင်အမည်ရှိသားတစ်ယောက်ရခဲ့သည်။ သို့ရာတွင် ထိုတစ်ယောက်တည်းသောသားမှာ သဘင်၌မူ စိတ်မဝင်စားချေ။

ရုပ်သေးတွင် ပခန်းဆရာညို၊ ဇာတ်တွင် ဂရိတ်ဖိုးစိန်ကြီး၊ ထိုနာမည်ကြီးအဖွဲ့နှစ်ဖွဲ့ ဟင်္သာတတွင် ဆုံမိသည်။ ပြိုင်တူကကြသည်။ ဆရာညို၏အသံက ဖိုးစိန်၏ရုံထဲအထိ ဝင်ရောက်လွှမ်းမိုးသည်။ သို့ကြောင့် နံနက်လင်းချိန်တွင် ဖိုးစိန်ရောက်လာကာ "ဆရာ့အသံက ကျွန်တော့်ရုံထဲကို လွှမ်းလာတယ်" ဟု ပြော၏။ ဆရာညိုကလည်း "မင်းရုံထဲက မောင်းကလေးအသံကလည်း ငါ့ရုံထဲ လွင့်လာတာပါပဲ"ဟု ပြန်ပြောသဖြင့် ဖိုးစိန်ကြီးသည် ထိုမောင်းဖြင့် ဆရာညိုကို ကန်တော့သည်။

mgyoe.com

mgyoe.com


ဆရာညိုသည် ပွဲနားရက် ကောင်းစွာမရှိသောကြောင့် စင်ကောင်းထောင်နိုင်သည်။ လူကောင်းမှန်သမျှ ဆရာညို့စင်ပေါ် ရောက်ကုန်သည်။ သူသည် ဇာတိပခန်းတောင်လက် ဆင်ကြိုးရွာသို့ပြန်ကာ မိဘနှစ်ပါးကို ယာဝယ်ပြီး ကန်တော့သည်။ ရွာလယ်တွင်လည်း နှစ်ထပ်အိမ်ကြီးဆောက်ကာ မိဘကို ကန်တော့သည်။

ဆရာညိုကား အောက်စုန်လိုက်၊ အညာဆန်လိုက်ဖြင့် နားနေရသည်မရှိ။ လှေတစ်စင်းဖြင့် လျှောက်လည်ကာ ကနေသောစင်ဖြစ်သည်။ ပညာကလည်း ပြည့်ဝသဖြင့် မင်းသားတိုင်းက အဖေညိုဟု ခေါ်သည်။

ဆရာညိုတို့ခေတ်တွင် အရုပ်တွေကို သေတ္တာဖြင့် မထည့်သေး၊ အရုပ်တွေကို ထန်းခေါက်ဖာဖြင့် ထည့်ရဆဲဖြစ်သည်။ ဆိုင်းကလည်း ဟင်္သာပဒါး သုတ်ထားသော သစ်စေးသရိုးကိုင် ဆိုင်းဖြစ်ရာ ရေနံဆီမီးခွက်မှ မှိုင်းလာစွဲသဖြင့် အရုပ်တွေကို မကြာခဏ ဆေးကြောပေးရသည်။

ထိုအချိန်က ပခန်းဆရာညိုနှင့် တွဲသောဆိုင်းမှာ ပခန်းတောင်ဘက်ဆင်ချောင်းရွာမှ ဆိုင်းဦးလူဒင်၊ နှဲဦးဖိုးတို့ဖြစ်၏။ မင်းသားကြီးများမှာ ဦးမြတ်သာနှင့် ပိဋကတ်ဆရာမောင်၊ ဦးဖိုးတုတ်ကြီးတို့ဖြစ်ရာ အားကိုးလောက်သော ပညာရှင်များဖြစ်၏။

ဆရာညို၏စင်ပေါ်သို့ တက်ခဲ့သော မင်းသမီးများအနက် အချို့မှာ–

(၁) မစိန်ဖော့

(၂) မစိန်အိ

(၃) မဆင်ပျံ

(၄) မအူရွာက ယောကျ်ားမင်းသမီး မပန်းစိန်

(၅) ရေယှားရွာသူ မမြတန်

(၆) ပခန်းငယ်ရွာသူ မမြဒင်တို့ ဖြစ်ကြပေ၏။

mgyoe.com

mgyoe.com


ပခန်းဆရာညိုနှင့် အတွဲဆုံး လူရွှင်တော်များမှာ ရွှေသဲနှင့် မန်းမောင်တို့ဖြစ်သည်။ ဆရာညိုသည် ရုပ်စုံစင်တွင်ပါသည့် အရုပ်တွေအစား ပိုမိုကြီးမားသော ရုပ်ကြီးစင်ဖြင့် အစားထိုးခဲ့သေး၏။ အောက်ပါ တမ်းချင်းများမှာ တပို့တွဲလတွင် ကျင်းပသည့် ဆင်ကြီးရွှေဂူဘုရားပွဲ၌ သူ့တပည့်က ဆရာ့ကိုယ်စား သီဆိုသွားခြင်းဖြစ်၏။

"အဘဆရာညို တစ်ကျွန်းမရဏာ ကြွသော်ကြောင့်၊ လွမ်းပါရ အလကား ယောင်သလိုလို၊ အဘဆရာညိုကြီး ပတ္တမြားတောင် ပြိုသလို သားမောင်ညိုကို မြင်လှည့်ပါလေး။ ကရုပေမဲ့ အားမရှိပါသကို ပတ္တမြားကဝိ ဆရာညို။ လွမ်းလို့ပါလေ သေမင်းထံက ခွင့်ပန်ကာရယ်၊ သားမောင်ညိုကို သင်လှည့်ပါလေး"

တပည့်အမည်မှာလည်း ဆရာညိုလေးဖြစ်သည်။ ဆရာညိုကြီး သည် ၁၂၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ နှစ်ပေါင်း ၁၀၀ ပြည့်ရန် အနည်း ငယ်သာ လိုတော့၏။

❒

mgyoe.com

mgyoe.com


## ရုပ်သေးပညာရှင်ကြီး ဦးဟသ်ာ

ရုပ်သေးပညာရှင်ကြီး ဦးဟသ်ာကို ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၌ ၁၂၈၃ ခုနှစ်တွင် မင်းသားကြီး ဦးပေါ်ထွန်း၊ အမိ ဒေါ်ဖြူနုတို့က မွေးဖွားခဲ့၏။ ဦးဟသ်ာသည် ဖခင်ဖြစ်သူ မင်းသားကြီး ဦးပေါ်ထွန်း ဇာတ်ကရာသို့ လိုက်ပါပြီး ပညာသင်ခဲ့၏။ ထို့နောက် ရုပ်သေးပညာရှင်ဖြစ်သော ဆရာကြီး ဦးလွန်းပြည်ထံတွင် ရုပ်သေးပညာရပ်များကို သင်ကြားခဲ့ပေသည်။

ဦးဟသ်ာသည် ၁၃၀၈ ခုနှစ် အသက် ၂၅ နှစ်အရွယ်တွင် ရုပ်စုံသဘင်ထောင်ခဲ့၏။ ထိုနှစ်တွင် သူသည် ရုပ်စုံစင်ဇာတ်စီးမင်းသားအဖြစ် ခေါင်းဆောင်ပါဝင်ခဲ့၏။ ဤသို့ဖြင့် ဆယ်နှစ်တိုင်တိုင် သဘင်ပညာများကို တိုးတက်ဆောင်ရွက်ခဲ့၏။ ၁၃၁၈ ခုနှစ်အရောက်၌ ဦးဟသ်ာရုပ်စုံကို ဖွဲ့စည်းတည်ထောင်ခဲ့၏။

mgyoe.com

mgyoe.com


ရုပ်စုံသဘင်ပညာရှင် ဦးဟင်္သာသည် ၁၃၁၉ ခုနှစ်တွင် "စိန်နှစ်စိန်ရုပ်စုံသဘင်" ကို ကိုယ်ပိုင်တည်ထောင်ခဲ့၏။ ထိုမှ နှစ်နှစ်မျှအကြာတွင် ဒေါ်ကြင်အိနှင့် အကြောင်းပါသဖြင့် သားသမီးလေးယောက်ထွန်းကားခဲ့၏။

ဦးဟင်္သာသည် ဟင်္သာတမှ ညောင်တုန်း၊ ကျိုက်လတ်၊ ဖျာပုံမြို့များသို့ ပြောင်းရွှေ့နေထိုင်စဉ် ၁၃၄၁ ခုနှစ်တွင် ဖျာပုံမြို့၌ ဇာတ်အဖွဲ့ထပ်မံ တည်ထောင်ခဲ့ပြန်၏။ ထိုရုပ်စုံသဘင်အဖွဲ့မှာ "ရွှေဟင်္သာရုပ်စုံ" သဘင်အဖွဲ့ဖြစ်သည်။

ရုပ်စုံပညာရှင် ဆရာကြီးဦးဟင်္သာသည် ၁၃၅၅ ခုနှစ် အသက် ၇၇ နှစ်အရွယ်တွင် ဖျာပုံမြို့၌ ကွယ်လွန်ရှာ၏။

❐

mgyoe.com

mgyoe.com




## မင်းသား ဦးကျော်အေး

သူ့အမည် အပြည့်အစုံမှာ ရုပ်သေးပညာရှင် မင်းသားပုဏ္ဏားပျံ ဦးကျော်အေးဖြစ်သည်။ သို့ရာတွင် အမှတ်မဲ့ရေးကြ ပြောကြရာတွင် "ပုဏ္ဏားပျံ" ဟုရေးငြား အမှန်မှာ "ပုဏ္ဏားပြန်" သာ ဖြစ်ပေ၏။

ပုဏ္ဏားပြန်ကျော်အေး၏ အမည်ရင်းမှာ မောင်အေးမောင်ဖြစ်သည်။

သူ့ကို မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ တနင်္လာနေ့တွင် ထန်းတစ်ပင်မြို့နယ်၊ ဘောလယ်အပိုင်၊ သပေါ့ချောင်း ကျေးရွာ၌ ဦးဖိုးသစ်၊ ဒေါ်ဇော်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်းငါးယောက် အနက် အကြီးဆုံးသားဖြစ်ကာ ကံ့ကူလက်လှည့် ငယ်ဆရာများမှာ ဦးသုန္ဒရနှင့် ဦးပညာရုံ၊ ဆရာတော် ဦးသုန်တို့ဖြစ်သည်။

မောင်အေးမောင်သည် ထိုဆရာများထံတော်ပါး၌ အဘိဓမ္မတ္ထ၊ သင်္ဂဟာကစ္စည်း၊ သဒ္ဒါကျမ်းများအထိ သင်ကြားပေါက်မြောက်ခဲ့သည်။

mgyoe.com

mgyoe.com


ထို့နောက် အသက် ၂၀ အရွယ်တွင် မြေပိုင်းကဇာတ်တွင် နာမည်ကြီးသော ဦးအောင်ကျော်ထံ ရောက်သွားကာ သဘင်ပညာများကို သင်ကြားခဲ့သည်။

ထိုဆရာကြီးထံမှတစ်ဆင့် ရာမဆရာဦးကြီး၊ မင်းသားကြီး စန္ဒရား ဦးမိုးညွှင်း၊ ခြသေ့်ပျံ ဦးဖိုးသာ၊ သောနုတ္တိုရ်ဆရာမှဲ့၊ သပြုချောင်းဆရာလွန်း၊ ဓမ္မကထိကဆရာအောင်၊ ဗုဒ္ဓဝင်ဦးအောင်ကြီး၊ ကေဒိုးဆရာညဏ်၊ ဦးတရုတ်ကြီး၊ ဦးကျော်အုန်း၊ နာမည်ကျော် ရုပ်သေးမင်းသမီး ဦးဖူးညို တို့ထံ ပြောင်းရွှေ့ရောက်ရှိပြီး အကပညာများကို အပတ်တကုတ် သင်ယူခဲ့၏။

မောင်အေးမောင် သဘင်ပညာ လေ့လာဆည်းပူးနေချိန်တွင် တစ်နိုင်ငံလုံး၌ ဝံသာနုအသင်းကြီး Y.M.B.A အရှိန်အဝါကြီးမားချိန် G.C.B.A သြဇာကြီးမားကာ ထိုအသင်းများကို ဝံသာနုအသင်း၊ အသင်းသားများကို "ဝံသအမျိုးကို၊ အနုရက္ခိတ စောင့်ရှောက်သူ" ဟု အဓိပ္ပာယ်ရသော ဝံသာနုဟု ခေါ်ကြသည်။ သို့ဖြစ်သောကြောင့် သူ၏ ဆရာတစ်ယောက်ဖြစ်သော ရုပ်သေးမင်းသမီး ဦးဖူးညိုက သူ့ကို "ဝံသာ နုကျော်ရှိန်" အမည်ပေးကာ မင်းသားအဖြစ် မြှောက်စားခဲ့သည်။

အကမင်းသား ဝံသာနုကျော်ရှိန်သည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကပြနေခဲ့ရာ မော်လမြိုင်သို့အရောက်တွင် ဒိုင်းဝန်းကွင်း၌ ကျင်းပနေသော ပုဏ္ဏားစာပြန်ပွဲနှင့် ကြုံကြိုက်သည်။ သူသည် ကစ္စည်း သဒ္ဒါကျမ်းများကို သင်ယူဖူးသူဖြစ်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်ရသည်။ သူရသော ရွှေတံဆိပ်မှာ ငါးကျပ်သား ရှိသည်။

ထိုအခါ ဝံသာနုကျော်ရှိန်ဟု အမည်ပေးခဲ့သော သူ၏ဆရာ ဦးဖူးညိုကပင် ပုဏ္ဏပျံကျော်အေးဟု အမည်ပြောင်းလွဲမှည့်ခေါ်ပြန်၏။ ပုဏ္ဏားများပင် အောင်ဖျာလိပ်ပြီး ပြန်သွားရအောင် ထူးချွန်စွာ ယှဉ်ပြိုင်ကာ အောင်မြင်နိုင်ခဲ့ခြင်းကို ဂုဏ်ပြုသည့်သဘောဖြစ်၏။

mgyoe.com

mgyoe.com


ပုဏ္ဏားတွေ ပြန်ပြေးသည့်တိုင်အောင် စာတော်သောကြောင့် "ပုဏ္ဏားပြန်ကျော်အေး" ဟု ခေါ်ဆိုခဲ့ကြ၊ နောင်အခါတွင် ပုဏ္ဏားပျံကျော်အေးဟု အမည်ကျော်ကြားသည်။ သူသည် ဝံသာနုကျော်ရှိန်အဖြစ် ကပြစေကာမူ ကျန်းမာရေးကြောင့် ကခုန်ခြင်းကို စွန့်လွှတ်ပြီး "လူရွှင်တော်ဦးကျော်သူ"အဖြစ် ပါဝင်ကပြခဲ့သေး၏။ ထိုကမှ ပုဏ္ဏားပျံကျော်အေးဟူသော ရုပ်သေးမင်းသားအဖြစ် အောင်မြင်ကျော်ကြား ထင်ရှားလာခြင်း ဖြစ်၏။

ပုဏ္ဏားပျံကျော်အေးသည် ရုပ်သေးမင်းသားအဖြစ်မှ အောင်မြင်ကျော်ကြား ထင်ရှားလာခြင်းဖြစ်၏။ အသံချဲ့စက် မထွန်းကားသေးသောခေတ်တွင် လှည်းဝိုင်း၊ လှည်းတပ်ကြီး ကျော်လွှားအောင် အသံပေါက်သော ပုဏ္ဏားပျံကျော်အေးမှာ ပိုမိုထင်ရှားကျော်ကြားလာ၏။

သို့ဖြစ်သောကြောင့် "ဓာတ်ပြားဝိဇ္ဇာ ပုဏ္ဏားပျံဦးကျော်အေး" ဟု ထင်ရှားလာရပြန်လေ၏။ ပုဏ္ဏားပျံဦးကျော်အေး၏ ထင်ရှားသော ဓာတ်ပြားများမှာ–

(၁) ဗုဒ္ဓဝင်ဖွားတော်မူခန်း
(၂) ဗုဒ္ဓဝင်လေးတော်တင်ခန်း
(၃) ဗုဒ္ဓဝင်တောထွက်ခန်း
(၄) သုဝဏ္ဏသျှံ
(၅) ပဲခိုးထီးခိုး
(၆) ပဋ္ဌဒီပါငဇင်ကာ
(၇) ရေငန်ပိုင်ဦးရှင်ကြီး
(၈) ဖိုးအောင်ကျွန်ဖြစ် (၂ တွဲ)
(၉) ရန်နိုင်ရန်အောင်
(၁၀) တေမိ

mgyoe.com

mgyoe.com


(၁၁) ဝိဓူရ
(၁၂) ဆဒ္ဒန်ဆင်မင်း
(၁၃) စမွေယျနဂါးမင်း
(၁၄) ကျိုက်ထီးရိုးသမိုင်း
(၁၅) သီလဝတီမောင်နန္ဒီ
(၁၆) ငမိုးရိပ်မိကျောင်း ဇာတ်ထုပ်ဓာတ်ပြားများမှာ အထူးအောင်မြင်ကျော်ကြားလျက် လူကြိုက်များခဲ့၏။

ပုဏ္ဏားပျံကျော်အေးသည် ဓာတ်ပြားသွင်းရာ၌ ဥက္ကံစိုးဆိုင်းအဖွဲ့၊ စိန်ဘမောင် ဆိုင်းအဖွဲ့များနှင့် တွဲဖက်ခဲ့၏။ မင်းသမီးများမှာ ပဲခူးမြ၊ မကြာလှ၊ စိန်ပါတီ၊ မအေးမိ၊ စိန်မြကျင်၊ ယောကျ်ားမင်းသမီး တွံတေးကိုသောင်းစိန်၊ အဆိုတော် ခင်ခင်ညွန့် (ကုလားမညွန့်) တို့ဖြစ်၏။ ထိုမင်းသမီးများနှင့် တွဲဖက်အသံသွင်းရာတွင် ကြာဘော်၊ ရာကျော်၊ ဦးကြင်ခဲ၊ မှော်ဘီဦးပန်းခ၊ ကိုစိန်နှင်းတို့က လူရွှင်တော်အဖြစ် ပါဝင်အသုံးတော်ခံခဲ့ကြ၏။

မြန်မာသက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် ဓာတ်စက် ဓာတ်ပြားများ လူသုံးများလာသောအခါ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီက ပုဏ္ဏားပျံ ကျော်အေးရုပ်စုံသဘင်အဖွဲ့ကို ကမ်းလှမ်းလာ၏။ ထို့ကြောင့် ပုဏ္ဏားပျံ ကျော်အေးသည် ထိုကုမ္ပဏီထံမှ တစ်လလျှင် လစာငွေ ၁၅၀ ကျပ် ရရှိသည်။

ထိုမျှမက ပုဏ္ဏားပျံကျော်အေးသည် ဓာတ်ပြားတစ်ချပ်လျှင် ၆ ပြားနှုန်းဖြင့်လည်း ကော်မရှင်ရသေး၏။ သူသည် ဓာတ်ပြားပေါင်း ၈၁ ချပ် ဓာတ်ပြားသွင်းခဲ့ကာ လွတ်လပ်ရေးခေတ်တွင်လည်း ဆက်လက်ပြီး ထွန်းကားခဲ့၏။ ထိုကာလတွင် ကိုလံဘီယာဓာတ်ပြား ကုမ္ပဏီနေရာတွင် မြန်မာပိုင် ဓာတ်ပြားကုမ္ပဏီများ ဝင်ရောက်လာကြ၏။

ဦးဘစိန်၏ စိန်တံဆိပ်ဓာတ်ပြားကုမ္ပဏီမှ ဇာတ်မင်းသားများစွာ

mgyoe.com

mgyoe.com


၏ ဇာတ်ထုပ်များ၊ တေးသီချင်းများ အသံသွင်းခဲ့ရာ ပုဏ္ဏားပျံကျော်အေး ဇာတ်ထုပ်များလည်း ပါဝင်ခဲ့၏။ စိန်တံဆိပ်ဓာတ်ပြားကုမ္ပဏီမှ အသံသွင်းခဲ့သော ပုဏ္ဏားပျံ ဦးကျော်အေးဇာတ်ထုပ်များမှာ အောက်ပါတို့ဖြစ်ကြ၏။

(၁) မိဘမေတ္တာ ကေသရာဇာ
(၂) ရှင်မောဂ္ဂလာန်
(၃) ရှင်ဥပဂုတ္တမထေရ်
(၄) ငမိုးရိပ်မိကျောင်း
(၅) ညီတော်မင်းနန်ချွတ်ခန်း
(၆) ငတက်ပြား
(၇) ပြည်ဖိုးဦးတောင်သမိုင်း

မိဘမေတ္တာ ကေသရာဇာကို အသံလွှင့်ရန်အတွက် မြန်မာ့အသံ၌ ၁၉၇၆ ခုနှစ်တွင် အသံသွင်းသော်ငြား မလွှင့်ဖြစ်ခဲ့ပေ။ သူနှင့်တွဲခဲ့သော ဆိုင်းပညာရှင်များမှာ စိန်လက်မ၊ ဦးသာဟန်၊ ဦးဖိုးဖေ၊ မင်းသားကြီး ရေဒီယိုစိန်၊ ကိုချမ်းအေး၊ နဲ့ကိုမျှင်တို့ ဖြစ်ကြ၏။

စိန်တံဆိပ်ဓာတ်ပြား ကုမ္ပဏီမှ ထုတ်လုပ်သော ဓာတ်ပြားများတွင် ပါဝင်ခဲ့သော မင်းသမီးများမှာ ဒဂုန်ခင်လှကြည်နှင့် စိန်မြကြည်၊ ညွန့်ရီ၊ ရွှေမန်းမေရီတို့ ဖြစ်သည်။ ရွှေမန်းမေရီမှာ ပုဏ္ဏားပျံဦးကျော်အေး ၏ သမီးကြီး ဖြစ်သည်။ လူရွှင်တော် ဦးကြာဘော်၊ ဦးအောင်ဘာလေ၊ ဦးစိန်နှင်းတို့သည် ဦးကျော်အေး၏ အတွဲများဖြစ်၏။

ပုဏ္ဏားပျံဦးကျော်အေးမှာ တပ်ရှုကင့်၌ ဖွဲ့စည်းသော ကမ္ဘာ့ဆယ့်တစ်နိုင်ငံ ရုပ်သေးအနုပညာအသင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု လျက် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ သဘင်ကောင်စီ နာယကအဖြစ် တာဝန်ယူနေစဉ် ၁၃၄၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အသက်

mgyoe.com

mgyoe.com


၇၅ နှစ်အရွယ်တွင် ကွယ်လွန်၏။

ပုဏ္ဏားပျံဦးကျော်အေး၏ ဇနီးမှာ ဒေါ်မြခင် (ခေါ်) ဒေါ်ပုဖြစ်ပေသည်။ သူ ကွယ်လွန်ချိန်တွင် ကျန်ရစ်ခဲ့သော မျိုးဆက်သစ်များမှာ ရွှေမန်းမေရီ၊ မတင်ဝင်း (ခေါ်) မဝင်း၊ လူရွှင်တော်ချာတိတ်၊ မတရုတ်မ (ခေါ်) မသန်းသန်း၊ တေးသံရှင် ငုဝါ (မအေးအေး)၊ ပုဏ္ဏားပျံဇော်ဝင်းနိုင်၊ မထွေးထွေးတို့ဖြစ်၏။ ထို့အပြင် မြေး ၁၁ ယောက်နှင့် မြစ် လေးယောက်လည်း ရှိသေးသည်။

❐

mgyoe.com

mgyoe.com




## ရုပ်သေးမင်းသမီး မသိန်းတင်

ရုပ်သေးမင်းသမီး မသိန်းတင်၏ အမည်အပြည့်အစုံမှာ "နဂါးပေါက် မသိန်းတင်"ဖြစ်ပေ၏။ မြောင်မြို့နယ်အတွင်းရှိ ကျွန်း ၁၂ ကျွန်းတွင် တစ်ကျွန်းအပါအဝင်ဖြစ်သော နဂါးပေါက်ရွာကို အစွဲပြုလျက် နဂါးပေါက်မသိန်းတင်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

နဂါးပေါက်မသိန်းတင်မှာ သဘင်မျိုးဖြစ်သည်။ အထူးသဖြင့် မိခင်မျိုးရိုးဖြစ်ပေ၏။ မင်းနေပြည်အထိ သွားရောက်ကပြဖူးသူ ဖြစ်၏။ မြောင်မြို့နယ် နဂါးပေါက်ရွာ ဦးသာမှုး၊ ဒေါ်အေးသူတို့မှ ၁၂၄၇ ခုနှစ်တွင် ဖွားမြင်သည်။ မွေးချင်းပေါက်ဖော် ညီအစ်ကိုမောင်နှမ ငါးယောက်ရှိရာ ကြီးစဉ်ငယ်လိုက်အရ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဒေါ်ပု

(၂) ဦးဖိုးမောင်

mgyoe.com

mgyoe.com


(၃) ဦးတိုးမောင်

(၄) ဦးဖိုးခေါင် (ခေါ်) မင်းသားကြီးဦးစိန်ဝါ

(၅) ဒေါ်သိန်းတင်။

ယင်းသည့်ငါးယောက်အနက် ဦးဖိုးမောင်နှင့် ဦးတိုးမောင်တို့မှာ ဇာတ်မင်းသားကြီးများ ဖြစ်၏။ ဦးဖိုးခေါင် (ခေါ်) ဦးစိန်ဝါမှာကား ရုပ်သေးမင်းသားကြီးဖြစ်ကာ ရုပ်စုံအဖွဲ့ပေါင်းများစွာတွင် ပါဝင်ကပြခဲ့၏။ သူသည် စစ်ပြီးခေတ်မှာပင် ရတနာပုံအောင်မြေသောင်း ရုပ်စုံသဘင်၌ ပါဝင်ခဲ့သေး၏။

ထိုအချိန်က နဂါးပေါက်ရွာတွင် "သုံးသိန်းကျော်သည့် နဂါးပေါက်"ဟူသောစကား ခေတ်စားခဲ့သည်။ ဒေါ်သိန်းတင်၏တူ၊ ဆိုင်းဆရာ မောင်ဘသိန်းနှင့် အတောင်သုံးဆယ်ရှည်သည့် သိန်းလှေကြီး၊ နဂါးပေါက်မသိန်းတင်တို့ကို ဂုဏ်ပြုခေါ်ဝေါ်ခြင်း ဖြစ်ပေ၏။

မသိန်းတင်သည် အသက် ၂၀ အရွယ်ကပင် တစ်ချိန်က ရုပ်သေးမင်းသမီးဦးဖူးညို၏ ရုပ်သေးကြိုးဆွဲဖြစ်ခဲ့ဖူးသော ငါန်းဇွန်မြို့နယ် ဆင်တပ်ရွာသား ဆရာသန့်၏စင်၌ ပါဝင်ခဲ့ရသည်။ တစ်ချိန်သောအခါက အမြင့်သဘင်ဟုခေါ်သော ရုပ်သေးစင်ပေါ်သို့ မိန်းမများ မတက်ရပေ။ မင်းသားလည်း ယောကျ်ား၊ မင်းသမီးလည်း ယောကျ်ား၊ အားလုံး အမျိုးသားချည်း ဖြစ်သည်။ သို့ရာတွင် အမျိုးသားမင်းသမီး ရှားပါးလာသည်။ အမျိုးသားမှု၊ အမျိုးသားဓလေ့ကို မလေးမခန့် ပြုလာ၏။ ဤနည်းဖြင့် အမျိုးသမီးများ အမြင့်သဘင်ရုပ်သေးစင်ပေါ်သို့ ရောက်လာကြ၏။

မသိန်းတင်မှာ အသံကို လိုသမျှ ဆွဲ၍ရသည်။ အသံချဲ့စက် အသုံးမတွင်သေးသော ခေတ်ဖြစ်ရာ လှည်းဝိုင်းကိုကျော်အောင် အသံပေါက်သူများသာ ဇာတ်ဖြစ်စေ၊ ရုပ်သေးဖြစ်စေ အသုံးတည့်သည်။

mgyoe.com

mgyoe.com


မသိန်းတင်ကား ရုပ်သေးမင်းသမီးတို့တွင်သာရှိအပ်သော အဆိုနှင့်အငို၊ အပြောတို့၌ ပိုင်နိုင်၍ ပင်ကိုသံ ချိုအေးသည်။

နဂါးပေါက် မသိန်းတင်သည် အသံသာကောင်းသည်မဟုတ်၊ အဆိုအငို အပြောတွင်သာ ပိုင်နိုင်သည်မဟုတ်ဘဲ ပရိသတ်ကျလောက်သော ရုပ်ရည်ရှိသဖြင့် ရုပ်သေးမှဇာတ်သို့ ကူးပြောင်းကပြခဲ့သည်။ ရုပ်သေးမှာ အသံ၊ ဇာတ်မှာ ဟန်ဟုဆိုရာ ပိုင်နိုင်သောကြောင့်သာ ဇာတ်စင်ပေါ်၌ မသိန်းတင် တက်နိုင်ခဲ့ခြင်း ဖြစ်ပေ၏။

မသိန်းတင်သည် ဘုရားဒါယကာကြီး ဂရိတ်ဖိုးစိန်ဇာတ်နှင့် ဒုတိယ ဖိုးစိန်ဇာတ်၊ ဦးပြည်ကျော်တို့၏ ဇာတ်များတွင် ပါဝင်ကပြခဲ့၏။ ဘုရားဒါယကာကြီး ဂရိတ်ဖိုးစိန်ဇာတ်တွင် မသိန်းတင်သည် မင်းသမီး မမြလွင် (ကောလိပ်စိန်) နှင့် မြခြေကျင်း မငွေမြိုင်၊ လေဘာတီ မခင်ညွန့်တို့နှင့်အတူ တွဲ၍ ကပြခဲ့ရ၏။

နဂါးပေါက် မသိန်းတင်သည် ဂရိတ်ဖိုးစိန်ဇာတ်မှ "ဒုတိယ ဖိုးစိန်" ဇာတ်သို့ ရောက်သွားပြန်၏။ ထိုဇာတ်၌ မင်းသမီးမရေသွယ်၊ စိန်ခြေကျင်း မငွေမြိုင်တို့နှင့်အတူ ကပြခဲ့၏။ ဦးအောင်မောင်းနှင့် စိန်အောင်မင်းဇာတ်တို့တွင် မင်းသမီးအဖြစ် ကပြခဲ့သော ထိုအချိန်အခါက မသိန်းတင်တို့ ဇာတ်များ၏ ရုံဝင်ခမှာ တစ်မတ် (တစ်ကျပ်၏ လေးပုံတစ်ပုံ) ဖြစ်၍ ဖျာတစ်ချပ် တစ်မူး (တစ်ကျပ်၏ ရှစ်ပုံတစ်ပုံ) ဖြစ်သည်။

လွမ်းခန်းတွင်ပိုင်၍ အပူတိုက်နှင့် အငိုကောင်းသော မသိန်းတင်မှာ အသံလည်း အောင်သည်။ အရပ်သွယ်၍ အသားဝင်းသည်။ ဆံပင်ကောင်း၍ တံကောက်ကွေးကျော်သည်။ ပရိသတ်ရှေ့သို့ ထွက်ရာတွင် တော်ဝင်မင်းသမီး မထွေးလေးကဲ့သို့ပင် ဇာတ်ဟန် ကဲလွန်းသည်။

နဂါးပေါက် မသိန်းတင်သည် သဘင်သက်ရလာသောအခါ တပည့်အဖြစ် ခိုဝင်လာသူများ ရှိလာ၏။ သူသည် တပည့်များကို

mgyoe.com

mgyoe.com


အလေးအနက်ထား၏။ သူ၏ တပည့်အချို့မှာ မင်းသား ဘုန်းချစ် ထွန်းစိန်၊ မင်းသမီး နေပြည်တော် မတင်မြိုင်၊ စည်ပိုင်းမ မကျင်စိန် တို့ဖြစ်၏။ သူသည် အရောင်နုများကို နှစ်သက်၍ "ပန်းမြိုင်လယ်နှင့် စိန်ကြောင် နီလာ" ကို ဆိုလေ့ရှိ၏။

မသိန်းတင်၏ ပွဲထွက်သီချင်းတစ်ပုဒ်မှာ "အပြည်ပြည်အရွာရွာ သတင်းလျှံလို့ ဖြစ်ရတာဖြင့် ဧရာဝတီ၊ မြင်းခြံအထက်ဘက်က အရင်းခံ မြွက်ရမှာဖြင့် နဂါးပေါက်သိန်းတင်၊ ဆံတောက် မသိမ်းခင်ကတော့ မြင်းဖူးသူတွေများ" စသည်တို့ပါဝင်၏။

လွတ်လပ်ရေး ကြေညာအံ့မူးကာလတွင် ဒေါ်သိန်းတင်သည် မွေးဇာတိသို့ အလည်လာစဉ် မကျန်းမာသောကြောင့် မန္တလေးသို့ အလျင်အမြန်ပြန်ရာ ငါန်းဇွန်မြို့အထက် "တံစဉ်လုရွာ" တွင် ကွယ်လွန် သွားရှာပေ၏။

❒

mgyoe.com

mgyoe.com




## မင်းသား ရွှေဘိုတင်မောင်

ရုပ်သေးမင်းသား ရွှေဘိုတင်မောင်ကို ၁၂၇၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်၊ အင်္ဂါနေ့၌ ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာနေ တောင်သူကြီး ဦးစ၊ ဒေါ်ခင်မိတို့က တစ်ဦးသောသားအဖြစ် မွေးဖွားပေးခဲ့၏။ အသံကောင်းပါလျက် မင်းသားလုပ်ရန် မကြိုးစားဘဲ နှဲမှုတ်သင်၏။

သူ့အမည် မောင်တင်မောင်ဖြစ်၏။ ၁၆ နှစ်သားတွင် မခေါက် ဦးအောင်စိန်နှင့် မင်းသားကြီး ဆရာကောင်းတို့က ခေါ်ယူပြီး ရုပ်သေးပညာများကို သင်ကြားပေးခဲ့၏။ ထိုခေတ်တွင် အမြင့်ဆုံးဖြစ်သော အမြင့်သဘင်တွင် နေရာရအောင် ဆောင်ရွက်ပေးခြင်းမှာ စေတနာဖြင့် ဖြစ်၏။

သူသည် "ရွှေဘိုစိန်" အမည်ဖြင့် မြစ်ရိုးတစ်လျှောက် ကနေခဲ့ရာက ဇာတ်သဘင်လောကတွင် ရွှေမန်းတင်မောင် ထင်ရှားလာသည်။

mgyoe.com

mgyoe.com


ဤသည်ကို အကြောင်းပြုပြီး ဆရာသမားတစ်ယောက်က "မန္တလေးမှာ ရွှေမန်းတင်မောင်ဆိုတော့ မင်းက ရွှေဘိုတင်မောင်ပေါ့ကွာ" ဟု အပြောင်အပြက်ယောင်ယောင်၊ အတည်ယောင်ယောင် ပြောရာက "ရွှေဘိုတင်မောင်" ဖြစ်လာသည်ဟူ၏။

ရွှေဘိုတင်မောင်သည် ရှေးခေတ်နိုင်ငံကျော် ရုပ်သေးပညာရှင်ကြီးများဖြစ်ကြသည့် ဦးဖိုးညိုနှင့် ဦးစိန်၊ ဆရာကျော်ကြီး၊ ဆရာကြော့တို့ထံ၌ ရုပ်သေးပညာများကို ဆည်းပူးခဲ့သည်။ မြန်မာ့အသံနှင့် ပန်တျာကျောင်းက ခေါ်ယူသော်ငြား ရုပ်သေးမကရမည်စိုး၍ မသွားဘဲနေသည်ဆို၏။

ရွှေဘိုတင်မောင်မှာ အပြောကောင်း၊ အဆိုကောင်း ရုပ်သေးပညာရှင်တစ်ဦး ဖြစ်၏။ စာပေလေ့လာဖတ်ရှုရန် ဝါသနာထုံသည်။ သူကြည်ညိုလေးစားသောကြောင့် သူ၏မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားသူများမှာ–

(၁) ဝမ်းပြည့်ဆရာဖိုး
(၂) ဓာတ်တော်ပြန် ဆရာမဲ
(၃) ရောဝဏ် ဦးအောင်ဒွန်း
(၄) အင်္ဂပူ ဆရာဒင်
(၅) ရှမ်းပွဲ ဆရာတင်
(၆) ရွှေမန်း ဆရာကြည်
(၇) ပိဋ္ဋကတ် ဆရာမောင်
(၈) ဆရာ ကုန်းဘောင်အံ့
(၉) ဆရာကောင်း
(၁၀) ကျောက်ဆည်က ရာဇဝင်ဆရာထိုက်
(၁၁) ရွှေကြက်ယက် ဆရာကျန်တို့ဖြစ်ကြ၏။

mgyoe.com

mgyoe.com


ထိုသို့ အမည်ကို ရေးမှတ်ရာတွင် ထိုပုဂ္ဂိုလ်၏ ကျွမ်းကျင်နိုင်နင်းမှုကိုလည်း ပူးတွဲဖော်ပြထား၏။ ပုံစံအားဖြင့် ဝမ်းပြည့်ဆရာဖိုးကို "ဇာတ်ထုပ်ရေးဆရာကြီး၊ ဘယ်သူနှင့်မျှ နှိုင်းစရာမရှိ" ဟု ရေးမှတ်ထားခြင်းမျိုး၊ ရွှေကြက်ယက်ဆရာကျန်ကို "စာရေး အင်မတန်ကောင်းတဲ့ဆရာ" ဟု ရေးမှတ်ထားခြင်းမျိုး ဖြစ်၏။

သူသည် သူ့တပည့်များကို "မည်သည့်အခါမှ ရုပ်သေးပညာကို မစွန့်လွှတ်ပါဟု" လက်မှတ်ထိုးခိုင်း၏။ ထိုသူများ ဝန်ခံကတိလက်မှတ် ထိုးမှ အေးဆေးစွာ ပုတီးစိပ်သည် ဆို၏။ သူသည် မြန်မာ့ရုပ်သေးပညာကို တန်ဖိုးထားသောကြောင့် ရုံသွင်းကပြခဲ့၏။ ရုပ်သေးပညာ ပျောက်ကွယ်သွားမည်ကိုလည်း လွန်စွာစိုးရိမ်၏။

၁၃၃၇ ခုနှစ် တပေါင်းလကွယ်နေ့ ရဲလုံးကျော်စွာ ဘုရားထီးတင်ပွဲတွင် နေမကောင်းပါလျက်နှင့် ဝင်ရောက်သီဆိုသည်။ အသက်ကြီးသည့်အပြင် ကျန်းလည်း မကျန်းမာသောအခါ သူ့အသံကို ကြားရုံဖြင့်သိသည်။ သို့ဖြစ်သဖြင့် "ကျေနပ်ပါတယ် ဆရာကြီး" ဟု ဝိုင်းဝန်းတောင်းပန်မှ နားနေခဲ့သည်ဆို၏။

သူ၏ ပါရမီဖြည့်ဖက် ရွှေဘိုတင်မောင် ရုပ်စုံသဘင်မှ ပညာရှင်များမှာ အောက်ပါတို့ ဖြစ်ကြ၏။

ဦးမုန်း (မင်းသားကြီး)၊ ဦးသန်းဒိန်နှင့် ဦးတိမ်ခိုး၊ ဦးမန်းကြည်တို့မှာ လူရွှင်တော်များ ဖြစ်ကြ၏။ ဦးထွန်းရင်နှင့် ဦးမြဟန်၊ ဦးအုန်းမောင်တို့မှာ ကြိုးဆွဲပညာရှင်များ ဖြစ်ကြ၏။ ကြိုးကြာမယ် မခင်ညွှန့်၊ ရွှေဘိုသူ ကြည်ကြည်မိုး၊ ရွှေဘိုသူ တင်တင်ဆင့်၊ ရွှေဘိုကြည် စသော မင်းသမီးများအပြင် ရွှေဘိုမြတင်၊ ရွှေဘိုမြဟန် အမည်ရှိသည့် ပြဇာတ်မင်းသားများ ပါဝင်ကြ၏။

ရွှေဘိုတင်မောင်၏ အားမာန်နှင့် စေတနာကို ကျေးရွာများကလည်း

mgyoe.com

mgyoe.com


တုံ့ပြန်ကျေးဇူးပြုကြဟန်တူ၏။ အကြောင်းမူ ၁၃၃၇ ခုနှစ် ပွဲရာသီတွင် ရွှေဘိုတင်မောင် ရုပ်စုံသဘင်၏ ပွဲချီပေါင်းမှာ ၁၇၀ ကျော်သောကြောင့် ဖြစ်၏။

ဦးရွှေဘိုတင်မောင် ဓာတ်ပြားသွင်းခဲ့သော ဇာတ်ထုပ်များမှာ–

(၁) ဆဒ္ဒန်ဆင်မင်း

(၂) ဘုရားလောင်းမျောက်မင်း

(၃) မဟာနန္ဒိယဇာတ်

(၄) ကြိုးကြာစည်တီးဇာတ်

(၅) စောရသတ္တိ – စောရဗလ ဇာတ်ထုပ်တို့ ဖြစ်ကြ၏။

ပထမဆုံးဇာတ်ထုပ်ကို ၁၃၀၇ ခုနှစ်ခန့်တွင် ပုဏ္ဏားပျံဦးကျော်အေး၊ ညောင်တုန်းဦးဘကျော်တို့နှင့် တွဲဖက် အသံသွင်းခဲ့၏။ ဦးရွှေဘိုတင်မောင်သည် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၇ ရက် (အသက် ၆၄ နှစ်) တွင် ပြည်ကြီး မျက်ရှင် တံမြက်စည်းစုရွာကလေးတွင် သဘင်ပညာရှင်တိုင်း ကြောက်ရွံ့သော လျှာကင်ဆာရောဂါဖြင့် ကွယ်လွန်ရှာ၏။

❐

mgyoe.com

mgyoe.com

## မင်းသား မင်းသမီး

ဇာတကဖြစ်သော ဇာတ်တော်ကြီးများကို ကပြခဲ့ပြီး ပွဲကြည့် ပရိသတ်ကို ပညာပေးသောကြောင့် ဇာတ်ဟု ခေါ်သည်။ ဇာတ်ဟု ခေါ်တွင်သော အစုအစည်းတွင် ပါဝင်သဖြင့် ဇာတ်သူဇာတ်သားဟု ခေါ်၏။

ထိုဇာတ်သူဇာတ်သားများတွင် ရှင်ဘုရင်၏ သားတော်အဖြစ် ပါဝင်ကပြရသော ယောကျ်ားကချေသည်ကို မင်းသား၊ ရှင်ဘုရင်၏ သမီးတော်အဖြစ် ပါဝင်ကပြရသည့် မိန်းမကချေသည်ကို မင်းသမီးဟု ခေါ်ဝေါ်ကြ၏။

ထိုမင်းသား မင်းသမီးတို့သည် ပန်းပင်စိုက် (ခေါ်) မြေဝိုင်းဇာတ်မှ စတင်လာခြင်း ဖြစ်ကြ၏။ ဖြေဖျော်စရာ ဟုတ်ဟုတ်ငြားငြား မရှိသော အချိန်တွင် ဝါသနာပါသော

mgyoe.com

mgyoe.com


အရပ်သူအရပ်သားများ တီးမှုတ်ကခုန်သည်ကိုပင် ပွဲလမ်းကြီးသဘောထားကာ ကြည့်ရှုခဲ့ကြရ၏။

ဖြေဖျော်စရာ ပွဲလမ်းသဘင်ဟူ၍ တန်ခိုးကြီးသော ဘုန်းတော်ကြီးများ၏ ဘုန်းကြီးပျံနှင့် ဂေဇက်ဝင်ဘုရားပွဲများသာ ရှိကြ၏။ ထိုပွဲများတွင် အကအခုန် အတီးအမှုတ်ဟူ၍ ရုပ်သေးသာ ရှိ၏။ ဘုန်းကြီးပျံတွင်မူ အရပ်သူ အရပ်သားများ၏ ဒုံးယိမ်း အရပ်ဇာတ်များ ပါဝင်၏။ ထိုခေတ်ထိုအခါက ထင်ရှားလာသော ဇာတ်သဘင်များမှာ မြေဝိုင်းဇာတ်က စတင် ခဲ့၏။

စည်းကမ်းကြီးသော၊ တတ်မြောက်ရန် ခက်ခဲသော အမြင့်သဘင်သို့ မချဉ်းကပ်နိုင်သူများသည် မြေဝိုင်းဇာတ်ကို အပျော်တမ်းလုပ်ကြရာက ဖိုးစိန်နှင့် မယ်အောင်ဗလ အမည်ရှိသော မင်းသားမင်းသမီး ပေါ်ပေါက်လာသည်။ မြေကြီးပေါ်တွင် ကပြနေခဲ့ရာက စင်ပေါ်တက်ပြီး ကပြခြင်း၊ ရေနံချေးမီးတိုင်ဖြင့် မှိုင်းတလူလူ ကပြနေရာက လသာမှန်အိမ်၊ လက်ဆွဲမီးအိမ်သို့ တိုးတက်ပြောင်းလဲလာသူများမှာ ဖိုးစိန်နှင့် မယ်အောင်ဗလဖြစ်သည်။

မယ်အောင်ဗလသည် ယောကျ်ားက မိန်းမဝတ်ပြီး မင်းသမီးအဖြစ် ကပြရာ မိန်းမအစစ်ထက် အမူကောင်းသည်။ အနွဲ့ကောင်းသည်။ ပဝါတစ်ကမ်း ယပ်တစ်လှမ်း စည်းကမ်းကို ဖျက်ခဲ့သူမှာလည်း ဖိုးစိန်နှင့် မယ်အောင်ဗလဟု ဆိုစမှတ်ပြုကြ၏။

မင်းသားဖိုးစိန်သည် ရွက်ထည်ရုံကြီးဖြင့် ကပြနိုင်၏။ သူ့နောက်တွင် သူကဲ့သို့ ဆောင်ရွက်နိုင်သူမှာ ရွှေမန်း

mgyoe.com

mgyoe.com


တင်မောင်သာ ရှိ၏။ ကျန်ဇာတ်များကား ထရံကာ၊ ကျူပြာမိုး မှ မတက်ကြဘဲ ခန္ဓာခဲသွားကြရ၏။

ဇာတ်သဘင်များ ပျက်ချိန်တန်သောအခါ ကယောင်ကတမ်း ထလုပ်ကြသည်။ ဇာတ်အချို့မှာ ဇာတကကြီး မကတော့ဘဲ ပြဇာတ် နှစ်ထုပ်ကသည်။ အချို့စတေ့ရှိုးကို အဆန်းထွင်ပြီး ပရိသတ်ထဲသို့ လျှောက်လှမ်းထိုးခဲ့သည်။

သို့ရာတွင် မင်းသားငယ်ငယ် ချောချောလှလှကလေးများကို ဇာတ်ထောင်ပေးသော မိန်းမသရမ်းများ ပေါ်လာချိန်ဝယ် မြန်မာအမျိုးသားဇာတ်သဘင်သည် တာစူ၍မရ အောင် ပျက်ခေါင်တိုင်လေတော့၏။

ယနေ့အချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရှိနေသောကြောင့်သာ ဇာတ်နှင့်တူသောဇာတ်ကို ကြည့်နေကြရသေးခြင်း ဖြစ်၏။ ထိုနေရာ၏အပတွင် ကျင်းပသော ပွဲလမ်းသဘင်များမှာ အဖြစ်သာရှိသဖြင့် ရှေးကကဲ့သို့ ဇာတ်သဘင်များ ပြန်လည်ခေတ်ကောင်းလာစေချင်၏။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## မင်းသား ဦးစိန်ကတုံး

“ထိုးဝါးကြီးနဲ့တူတဲ့ ကျွန်မလင်” ဟု ယောကျ်ားမင်းသမီး အောင်ဗလက တေးချင်းဆိုသောအခါ တေးသံနှင့်လိုက်အောင် တောင့်တောင့်ကြီးလုပ်ပြသော မင်းသားကား မုံရွာမြို့တွင် အသက် ၆၅ နှစ်အရွယ်၌ ကွယ်လွန်သွားသော မင်းသားကြီး ဦးစိန်ကတုံးဖြစ်ပေ၏။

ဦးစိန်ကတုံး ကသည်ကို ဂရုပြုကြည့်လျှင် ခြေနှင့်ကြမ်းနှင့် မကွာသည်ကို တွေ့ရမည်ဟု လူရွှင်တော်ကြီး ဦးပိုလိုက ဆိုပါသည်။ ဦးစိန်ကတုံး၏ ငယ်နာမည်မှာ မောင်ဖိုးထွန်းဟုခေါ်၍ ခနေဖြူစုံကင်းရွာ ဇာတိဖြစ်သည်။ ဆိုင်းဆရာ ဦးပေကြီးထံတွင် ဆိုင်းပညာကို တတ်ကျွမ်းအောင် သင်ကြားပြီးနောက် မော်လမြိုင်ဘက်သို့ရောက်သွားကာ မြေဝိုင်းမင်းသား လုပ်နေခဲ့သည်။

ထိုသို့ မော်လမြိုင်တွင် ကနေရာက ရန်ကုန်မြို့သို့ ရောက်လာပြန်

mgyoe.com

mgyoe.com


ကာ ဇာတ်ဆရာ မောင်သာဝေ၏ဇာတ်တွင် ရုံးသွင်း၍ကသော မြေပိုင်း မင်းသားဖြစ်လာ၏။ ထိုစဉ်က မြေပိုင်းမင်းသား စိန်ကတုံး၏ ရုံဝင်ခမှာ တစ်ပဲဖြစ်၏။ ထိုအချိန်တွင် ယောကျ်ားမင်းသမီး အောင်ဗလသည် ဦးဖိုးစိန်ကြီးနှင့် ကွဲလာသည့်အတွက် အောင်ဗလ၏ရုံဇာတ်သို့ စိန်ကတုံး ရောက်သွားပြန်၏။

ယောကျ်ားမင်းသမီး အောင်ဗလ ကွယ်လွန်သောအခါ ဦးစိန်ကတုံး သည် ကိုယ်ပိုင်ဇာတ်နှင့် ဖြစ်လာတော့သည်။

စိန်ကတုံး၏ ငယ်နာမည်ကို မောင်ဖိုးထွန်းဟု အထက်ကဆိုခဲ့ သော်လည်း အပြည့်အဝ မမှန်ပေ။ သူ၏ဇာတာတွင် "မောင်ထွန်းလှ" ဟု ပါရှိသည်။ သို့ရာတွင် မောင်ထွန်းဟု အခေါ်များရာက မောင်ဖိုးထွန်း ဖြစ်လာသည်ဟု ဆိုပေသည်။

သူ၏ဖခင်မှာ စံကင်းရွာမှ ဆိုင်းဆရာကြီး ဦးကျော်ဦးဖြစ်သည်။ အမိမှာ ဒေါ်သစ်ဖြစ်၍ မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ စနေနေ့တွင် စံကင်းရွာ၌ ဖွားမြင်ခဲ့သည်။ ဦးကျော်ဦးသည် သူ့သားကို ဆိုင်းဆရာဖြစ်စေချင်သော်လည်း မောင်ဖိုးထွန်းမှာ အကတွင် ပိုပြီး ဝါသနာကြီးသည်။

သို့ရာတွင် သူသည် ဖခင်အလိုကျ ဆိုင်းပညာကိုလည်း လေ့လာ သင်ယူရာ ကြေးတီးကောင်းတစ်ယောက်ဖြစ်လာသည်။ သို့ရှိရာက ရပ်ရွာတွင် မင်းသားလိုအပ်သောအခါများ၌ သူသည် မောင်ထွန်းမြိုင် အမည်ခံကာ ကပြခဲ့ပြား လူအများ၏ အသိအမှတ်ပြုခြင်းကို မခံရပေ။

ထိုအချိန်အခါက "တောင်ကျွန်းဇမ္ဗူက မောင်ထွန်းလူ"အမည်ဖြင့် လူငယ်တစ်ယောက် ပေါ်ပေါက်လာ၏။ မောင်ဖိုးထွန်းသည် ထိုသူကို သဘောကျလျက် "တောင်ကျွန်းခရိုင်က မောင်ထွန်းမြိုင်"အမည်ခံပြား မထင်ရှားပေ။ မောင်ထွန်းမြိုင် ပထမတွဲရသောမင်းသမီးမှာ မိန်းမ

mgyoe.com

mgyoe.com


မဟုတ်ပေ။ ညောင်တုံးမြို့ မင်းရပ်ကမ်းနားလမ်းမှ လွှထောင်ဦးကန်သာ၊ ဒေါ်နှင်းသက်တို့၏ သားကြီး မောင်သန့်ဖြစ်၏။

မောင်သန့်သည် အပြောအဆို အနေအထိုင် သိမ်မွေ့သည်နှင့်အမျှ ရုပ်အဆင်းလည်း ချောမောလှပသဖြင့် အရုပ်ဇာတ်မင်းသမီးအဖြစ် လူကြိုက်များ၏။ မောင်ဖိုးထွန်းမှာမူ မြန်မာဘုရင်မင်းမြတ်လက်ထက်တော်က ပုံရှည်တော်သားဖြစ်ခဲ့သော ဓနုဖြူဆရာမွန်းကြီးထံ၌ သဘင်ပညာများကို သင်ကြားရ၏။

ဓနုဖြူဆရာမွန်းကြီးက "တန်းဆာချွတ်အက" ၌ နိုင်နင်းလှ၏။ ထိုအကဖြင့် ပွဲကျ၏။ တန်ဆာချွတ်အကဆိုသည်မှာ ထင်းထမ်းသမား ဆိုလျှင် ပကတိထင်းထမ်းသမား၏ အဝတ်၊ သူတောင်းစားဆိုလျှင်လည်း တကယ့်သူတောင်းစား၏ အဝတ်ကိုဝတ်ပြီး ကပြခြင်းဖြစ်၏။ သူသည် ဆရာမွန်းကြီးထံမှ အဆိုအကသာမဟုတ်။ ဇာတ်ထုပ်၊ ဇာတ်ကွက်၊ ဇာတ်ချင်းရေးနည်းပညာများပါ သင်ကြားရသည်။ ဆရာကလည်း သဘောကျ၊ လူကလည်းတော်သောကြောင့် ဆရာမွန်းကြီးလွှတ်ပေးရာ ဖဲသမားများနှင့် ပေါင်းမိပြီး ဖဲသမားဖြစ်သွားတော့သည်။ သို့သော် သူစွဲလမ်းသောဖဲမှာ စက္ကူဖဲ မဟုတ်၊ သုံးပုံဖဲလည်း မဟုတ်။ "ကက်" ဟုခေါ်သော တစ်ပုံတွင် ၆၄ ချပ်ပါသည့် သစ်သားဖဲတစ်မျိုး ဖြစ်ပေသည်။

မောင်ဖိုးထွန်း၏ဖခင် ဦးကျော်ဦးသည် သူ့သားမောင်ဖိုးထွန်း ဓနုဖြူတွင် ပျက်စီးမည်စိုးသဖြင့် ရန်ကုန်ရှိ ယိုးဒယားဦးစံတုတ်ထံ ပို့ပြန်သည်။ ယိုးဒယားအကမှာ သေးသွယ်ရှည်မြင့်သော မောင်ဖိုးထွန်း နှင့် အလွန်အဆင်ပြေသည်။ လွန်စွာအရေးပါသော "ဓားထမ်း၊ တုတ်ထမ်း" ပညာတွင် မောင်ဖိုးထွန်းမှာ တတ်မြောက်လွယ်၏။ သို့ကြောင့် ဆရာက သဘောကျပေသည်။

mgyoe.com

mgyoe.com


ယိုးဒယားဦးစံတုတ် သင်ကြားပေးသော ယိုးဒယားအကကို နည်းမှီးပြီး ယိုးဒယားကဟန်သစ် တီထွင်နိုင်သော မောင်ဖိုးထွန်းမှာ ဖဲနှိပ်စက်သောကြောင့် ဒုက္ခရောက်နေ၏။ ကြီးပွားနိုးဖြင့် မန္တလေးသို့ တက်သွားငြား ဆိုင်းသမားဘ၀မှ မတက်ချေ။ သို့ရာတွင် မော်လမြိုင်သို့ ဆင်းအလာတွင်ကား လူမိုက်ကံကောင်းဖြစ်ရသည်။

ဖဲဝိုင်းတွင် အညောင်းထိုင်လွန်းသဖြင့် ခေါင်းတုံးပြောင်ဖြစ်အောင် ဆံပင်တွေကျွတ်ထွက်ပါလျက်က မင်းသားခေါင်းပေါင်း ပေါင်းလိုက်သောအခါ အဆင်ပြေသွား၏။ သို့စဉ်တွင် သူဆိုင်းတီးသောဇာတ်မှ မင်းသားပျောက်သွားသဖြင့် ကြေးတီးသမား မောင်ဖိုးထွန်းသည် မင်းသား တက်လုပ်ရ၏။ ဖြည့်ဆည်းထားသော ပညာများက မောင်ဖိုးထွန်းကို အကျိုးပေးတော့၏။

မောင်ဖိုးထွန်းသည် ကလည်းက၏။ ပရိသတ်ကို ဆွဲဆောင်နိုင်သည့် နည်းလမ်းများကိုလည်း စဉ်းစား၏။ သို့ဖြင့် ကကြိုးအဆုံးတွင် လုပ်စာတစ်ပုဒ်ရွတ်ပြ၏။

"ရွှေပွဲလာ မင်းကဝိတို့ ခင်ဗျား။
ကျွန်တော့်ကို ကြည့်ပြီးတော့
အမုန်းအငြင်းမပွားကြပါနှင့်။
နှလုံးအတွင်းသားက
အပြုံးအရင်း ထားလိုက်ကြရင်ဖြင့်
ကျွန်တော်ဟာဖြင့် (ခေါင်းတုံး) ကတုံးမင်းသား"

မောင်ဖိုးထွန်းသည် ပြောပြောဆိုဆို မင်းသားခေါင်းပေါင်းကို ချွတ်ပြလိုက်ရာ ပရိသတ်များ ပွဲကျသွား၏။ ဆိုတတ်၊ ကတတ်၊ ပြောတတ်၊ ဆိုတတ်သည့်အပြင် ပရိသတ်ကြိုက်အောင်လည်း လုပ်တတ်သဖြင့် မောင်ဖိုးထွန်း မင်းသားဖြစ်လာ၏။ သို့သော် ထွန်းမြိုင်မဟုတ်၊ ခေါင်းတုံး

mgyoe.com

mgyoe.com


ကိုအကြောင်းပြုပြီး "စိန်ကတုံး" ခေါ်ကြရာက မင်းသား စိန်ကတုံး ဖြစ်လာ၏။

မောင်ဖိုးထွန်းမှာ ကံကောင်းပြီးရင်း ကောင်း၏။ ပထမကံကောင်းခြင်းမှာ မင်းသားဘဝသို့ရောက်ခြင်းဖြစ်ရာ ဒုတိယကံကောင်းခြင်းမှာ ယောကျ်ားမင်းသမီး အောင်ဗလနှင့် တွဲမိခြင်းဖြစ်၏။

"ပန်းသလားမေပျို၊ နန်းရွှေကိုယ်၊ လမ်းရှေ့ဟိုတစ်ခိုဝယ်။ ချောက်ကမ်းပါးတောင်စွယ်၊ မောင်မယ်မမြင်ဘူးနှယ်။ တောလယ် မောဖွယ် အပြောကြွယ်တဲ့မယား၊ သနားဖွယ်ရူပါ ရုပ်အသွေး ရူပကာ။ ထထိုင်မှိုင်ငေးရှာတယ်၊ တောခြေဝယ် ဖောကြွေဖွယ်။ အမောဖြေမယ် တူစုံမောင်နှင့်မယ်။ ကန္တာလေ တောခြေဝယ် စိမ့်စမ်းသွယ်သွယ် စီးဖြာယိုကျတယ်။ တောင်တစ်တန်းလေ့မြွောင်စမ်းကွေ့ဝယ်၊ နံ့သာပင်ရိပ်လမ်း၊ ချွေးသိပ်ဖြေဦးမယ်"

ဤသည်မှာ သူကိုယ်တိုင်ရေးသော ယိုးဒယားကပ်သွားသီချင်း ဖြစ်သည်။ ဂရိတ်ဖိုးစိန်ကြီး၏နောက်တွင် ကိုယ်ပိုင်ရွက်ထည်ရုံဖြင့် ကပြသူမှာ စိန်ကတုံးနှင့် မယ်အောင်ဗလဖြစ်သည်။ ဂရိတ်ဖိုးစိန်ကြီးသည် ကရင်း တရားဟောသဖြင့် သူ့မှုဖြစ်သွား၏။ စိန်ကတုံးကလည်း ကရင်း၊ ခုန်ရင်း အရွှန်းဖောက်သဖြင့် သူ့မှုဖြစ်သွားကာ ပရိသတ်၏ ချစ်ခင်နှစ်သက်ခြင်းကို ခံရ၏။

ကြာဖူးကြီးထဲမှ မီးစလွယ်ဖြင့် ထွက်လာသောအကမှာ စိန်ကတုံး တီထွင်ခဲ့ခြင်း ဖြစ်၏။ သူသည် စိန်ဗေဒါနှင့်လည်း အလွန်အတွဲညီသည်ဟု ဆိုကြ၏။ သူသည် ဘုရင်ခံနှင့် ဘုရင်ခံချီးမြှင့်သော ခြောက်လုံးပြူးနှင့် တံဆိပ်များအပြင် လူထုကပေးသော ရွှေတံဆိပ်ပေါင်းတစ်ရာ နီးပါးကို ပိုင်ဆိုင်ခဲ့၏။

ငိုချင်းမချ၊ အပူမတိုက်ဘဲ ပရိသတ်ကို လွမ်းစေနိုင်သော ဦးစိန်

mgyoe.com

mgyoe.com


ကတုံးသည် ရန်ကုန်မှ မန္တလေးသို့ ၁၂၉၂ ခုနှစ် တန်ဆောင်မုန်းလတွင် တက်လာသည်။ လဆန်း ၈ ရက်နေ့တွင် တခမ်းတနား စီးတော်တိုက်သည်။ ထို့နောက် ရွှေဘိုနှင့် ရေဦးမြို့များတွင် ကပြသည်။ ထို့နောက် မုံရွာသို့လာသည်။

သို့သော် စိန်ကတုံး နာမကျန်းဖြစ်ပြီ၊ မန္တလေးမှ ဆရာဝန်များကို ခေါ်ပြီး ကုသနေရပြီ။ ကြေညာထားသောကြောင့် ရောက်လာသောပရိသတ်က "မကလည်း ရပါတယ်၊ ထွက်ရုံသာထွက်ပြပါ" ပြောကြပါလျက်၊ ဆရာဝန်က မကရန်တားမြစ်ပါလျက် သူသည် ပရိသတ်ကို ကပြအသုံးတော်ခံသည်။ သို့ဖြင့် ၁၂၉၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် မုံရွာမြို့၌ ဦးစိန်ကတုံး ကွယ်လွန်ရှာ၏။

❒

mgyoe.com

mgyoe.com




## မင်းသား မဂ်လာ ဦးအောင်မောင်း

မင်းသား မဂ်လာဦးအောင်မောင်း၏ ငယ်နာမည်မှာ မောင်အုံးမောင်ဖြစ်သည်။

မောင်အုံးမောင်ကို မြို့သစ်မြို့၊ လဲလှူရပ်နေ ဦးနေဒွန်း၊ ဒေါ်ငွေပွင့်တို့က ၁၂၅၉ ခုနှစ် တော်သလင်းလဆန်း ၇ ရက်တွင် ဖွားမြင်ခဲ့၏။

မောင်အုံးမောင်သည် တောင်သူလယ်သမားအဖြစ် မိဘကို လုပ်ကျွေးနေစဉ် အဖေရောအမေပါ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားရှာ၏။

သို့ဖြစ်သဖြင့် မောင်အုံးမောင်သည် တစ်ဦးတည်းသော နှမငယ်ကို ဆွေမျိုးများထံ၌ အပ်နှံထားခဲ့သည်။ သူသည် ပင်ကိုက အသံရသဖြင့် အဆိုလည်း ကျွမ်းကျင်သူပီပီ စိန်ကျော်လေးဇာတ်သို့ ဝင်ရောက်ကာ စိန်ကျော်လေး အနိစ္စရောက်ချိန်အထိ ပညာသင်တပည့်အဖြစ် နေထိုင်ခဲ့သည်။

mgyoe.com

mgyoe.com


သူ မင်းသားဖြစ်လာချိန်တွင် တို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှုများ ပြင်းထန်လာသောကြောင့် သူကလည်း ထောက်ခံအားပေးသည်။ ဇာတ်စင်ပေါ်မှ နယ်ချဲ့ဆန့်ကျင်ရေး တရားဟောသူဖြစ်၏။ သူ၏ကဟန်များတွင် "အောင်မောင်းခြေထိုး" မှာ အလွန်နာမည်ကြီးသည်။

၁၃၂၀ ပြည့်နှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့် နိုင်ငံတော်က ချီးမြှင့်သည်။ သဘင်အစည်းအရုံးက တင်မြှောက်သော နာယကတာဝန်ကိုကား ငြင်းပယ်ခဲ့သည် ဆို၏။ အသံချဲ့စက် မတွင်ကျယ်မီခေတ်က အလွန်အသံအောင်သော မင်းသားဖြစ်ကာ ဇာတ်ထုပ်ပေါင်းများစွာ ဓာတ်ပြားသွင်းခဲ့၏။ ငါးသုံးလုံးရုပ်ရှင်နှင့် ရှင်မွေ့နွန်း မင်းနန္ဒာဇာတ် ရုပ်ရှင်ရိုက်ကူးခဲ့၏။

အသက် ၇၅ နှစ်အရွယ်တွင် အင်္ဂပူမြို့၌ ဇာတ်ကနေစဉ် ကွယ်လွန်ခဲ့ရာ သားသမီးရစ်ယောက် ကျန်ခဲ့သည်။

(မင်္ဂလာဦးအောင်မောင်းဇာတိကို မင်းဘူးမြို့ ဆင်ခေါင်းရွာဟူ၍လည်း မှတ်ကွဲရှိ၏)

❒

mgyoe.com

mgyoe.com




## မင်းသား ရွှေမန်းတင်မောင်

ရွှေမန်းတင်မောင်သည် မန္တလေးမြို့ ပုလိုင်းဇာတိသား ဖြစ်သည်။ ဦးပြား၊ ဒေါ်မေတို့တွင် သားသမီးဆယ်ယောက်ရှိရာ မောင်တင်မောင်မှာ အငယ်ဆုံး ဒသမမြောက်သားဖြစ်သည်။

သူသည် မွေးရာပါ အသံကောင်းသူဖြစ်၏။

သူသည် မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာဘုရား အနောက်ဘက်၊ မိုးကောင်းကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် ဦးနန္ဒဝန် ထံတွင် ကျောင်းနေခဲ့ရသည်။ ထုံးစံအတိုင်း မင်္ဂလသုတ်မှ စတင်သင်ကြား ရရာ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး ၁၁ သုတ် အစရှိသည်တို့ကို အစဉ်အလိုက် တက်ရသည်။ ထိုစာများ အလွတ်ရအောင် ကျက်မှတ်ရသည်မှာ ထုံးစံဖြစ်သည်။

မောင်တင်မောင် စာအံပုံမှာ အခြားကျောင်းသားများနှင့် မတူပေ။

mgyoe.com

mgyoe.com


သံနေသံထားနှင့် ဖြစ်သည်။ သို့ရာတွင် ဆရာဖြစ်သူ ဦးနန္ဒဝန်က စာပေကို ဂီတဖြစ်အောင် လုပ်ရပါမည်လားဟု အပြစ်မတင်ပေ။ သူကပါ နှစ်သက်တော်မူသဖြင့် ဆိုစမ်းဟဲ့တင်မောင်ဟု အားပေးတော်မူ၏။

ဘုန်းကြီးကျောင်းသားများသည် သေနာသနဝတ်ကို ပြုသောအားဖြင့် ကျောင်းတွင်း မြက်ရှင်းကြရ၏။ ထိုအခါမျိုးတွင် မောင်တင်မောင်သည် ကန်ပေါင်ပေါ်ထိုင်ပြီး တေးသီချင်းအော်ဆိုနေသည်က များ၏။ ထိုအသံကို နှစ်သက်သူများက အပြစ်မပြောသော်လည်း မနှစ်သက်သူများက ခိုကတ်သည် အပြစ်ပြောကြ၏။ ရန်လုပ်ကြ၏။

မောင်တင်မောင်ကား အမှန်ပင် အသံကောင်းသူဖြစ်၏။

ထိုခေတ် ဇာတ်စာအုပ်များကို ဇာတ်ကွက်ဇာတ်လမ်းအလိုက် ဝန်ကြီးနေရာရောက်လျှင် ဝန်ကြီးအသံ၊ ဘုရင်နေရာရောက်လျှင် ဘုရင်အသံ၊ မင်းသားမင်းသမီးနေရာရောက်လျှင် မင်းသားမင်းသမီးအသံဖြင့် ဖတ်တတ်သည့်အတွက် ဆရာတော် ဦးနန္ဒဝန်၏ လက်သုံးအဖြစ် ညတိုင်း ဖတ်ပြရပေသည်။

သို့သော် မောင်တင်မောင်တို့မှာ မျိုးရိုးရှိသည်။ အမေ့မောင်၊ မောင်တင်မောင်၏ဦးကြီး ဦးငွေသည် ယောကျ်ားမင်းသမီးဖြစ်၏။ မြန်မာတို့ ယဉ်ကျေးသိမ်မွေ့သည့်အချိန်အခါက သက်ကြီးဝါကြီးများက စင်အောက်မှနေပြီး သက်ငယ်ဝါငယ်များက အမြင့်မှာနေခြင်းသည် အဂါရဝဖြစ်သည်ဆိုကာ အမျိုးသမီးများသည် အမြင့်သို့မတက်ပေ။ ရုပ်ကို မမြင်ရသော ရုပ်သေးမင်းသမီးကအစ ယောကျ်ားများသာဖြစ်ခဲ့၏။

ယခု မောင်တင်မောင်၏ဦးကြီး ဦးငွေကား "ပုလိုင်းမယ်ငွေ" အမည်ရှိသော မင်းသမီးအဖြစ် နာမည်ရနေသည်။ ထိုသို့ မျိုးရိုးရှိသော မောင်တင်မောင်သည် ၁၁ နှစ်သား၌ ရှင်ပြုသည်။ ထို့နောက် ရှင်လူထွက်ခြင်းနှင့် ကျောင်းထွက်ခြင်းမှာ ပြိုင်တူဖြစ်သည်။ ထိုအခါတွင် အရပ်ထဲ၌

mgyoe.com

mgyoe.com


ကာလသားများ အားထားသော ဗျပ်စောင်းဝိုင်း၊ တယောဝိုင်းများမှာ အဆိုတော် မောင်တင်မောင်ပါမှ အင်္ဂါပြည့်စုံသည်။ သို့ဖြစ်၍ မောင်တင်မောင်ပါမှ ပွဲဖြစ်သည်။

မန္တလေးမြို့ စကုတိုက်တွင် ဦးကေသရအမည်ရှိ ဓမ္မကထိက အကျော် ဆရာတော်တစ်ပါးရှိသည်။ ထိုဆရာတော်မှာ မောင်တင်မောင်၏ ဦးတော်တစ်ယောက်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သူ့တူ မောင်တင်မောင်၏ ပညာနှင့် ပါရမီကို သိသည်။ သို့ကြောင့် ကျောင်းသို့ခေါ်ထားရာက စာရေးဆရာကြီး "ဦးထွန်းရ" ထံ အပ်နှံထားသည်။

ဦးထွန်းရကား စွယ်စုံပြောင်မြောက်သော ဆရာကြီးဖြစ်သည့် အတွက် ပညာရည်နို့ လာရောက်သောက်စို့သော တပည့်လေးယောက် ရှိ၏။ ထိုသူများမှာ မောင်တင်မောင်နှင့် ကိုအောင်သိန်း၊ ကိုလော၊ ကိုမောင်ကိုတို့ဖြစ်၏။ သူတို့သည် ဆရာကြီးထံ၌ သဘင်ပညာများ သင်ယူရင်း ကျောင်း၌ စက်မြင်းစီးအကကို သင်ယူကြရ၏။

ထိုသို့ လေးယောက် လေ့ကျင့်သင်ကြားရာတွင် မောင်တင်မောင် နှင့် မောင်အောင်သိန်းသာ ထွန်းကားပေါက်မြောက်သည်။ ဤသို့ စက်မြင်းစီးမှအစ မင်းသားတို့ တတ်အပ်သည့် ပညာရပ်များဖြစ်သော အဆိုအငို အဟဲအချွဲတို့ကို ဆရာကြီး ဦးထွန်းရထံ၌ သင်ယူကြရသည်။ ထိုမှ မောင်တင်မောင် ၁၅ နှစ်သားအရွယ်တွင် နာမည်ကြီးမင်းသမီး "အမေမြိုင်" မြခြေကျင်း မငွေမြိုင်ထံ ပို့အပ်၏။

သို့ရာတွင် မော်လမြိုင်မှ ကိုအောင်သိန်းမှာ ယောကျ်ားမင်းသမီး အဖြစ် တော်နေသဖြင့် ၎င်းဆရာက ရပ်ရွာသို့ ပြန်ခေါ်သွားသည်။ အမေမြိုင်ထံ၌ မောင်တင်မောင်တစ်ယောက်တည်း ကျန်ခဲ့တော့သည်။

အမေမြိုင်သည် ထိုစဉ်က အငြိမ့်ထောင်ထား၏။ သို့ရာတွင် သူ့အငြိမ့်မှာ ဇာတ်တစ်ပိုင်း အငြိမ့်တစ်ပိုင်းဖြစ်နေ၏။ ဇာတ်တစ်ပိုင်း

mgyoe.com

mgyoe.com


အငြိမ့်တစ်ပိုင်းတွင် ထိုခေတ်ဇာတ်သဘင်များ၏ ရှေ့ပိုင်းတွင် ကပြသည့် အတိုင်း "လူဘိုင်စကုပ်" များပါဝင်၏။ အမေမြိုင်ဇာတ်၌ မောင်တင်မောင်က ပါဝင်ကပြခဲ့ရသော လူဘိုင်စကုပ်များမှာ ယောကျ်ားတံခွန်၊ မင်းခေါင်၊ ဦးပုည စသည်တို့ပေတည်း။

အမေမြိုင်၏ အငြိမ့်မကက ဇာတ်မကျအငြိမ့်တွင် မောင်တင်မောင်နှင့် တွဲဖက်ကပြရသူများမှာ မင်းသားစိန်သောင်းနှင့် မင်းသားကြီး စံပယ်တင်တို့ဖြစ်သည်။ အမေမြိုင်သည် အငြိမ့်မကဇာတ်မကျကို ဇာတ်ကြီးအဖြစ် ပြောင်းလဲမြှင့်တင်လိုက်ပြန်သည်။ မောင်တင်မောင်မှာ နောက်ကျမကျန်ခဲ့ဘဲ အခြားသူများနည်းတူ ထင်ရှားကျော်ကြားမှုရခဲ့ပေ၏။

မောင်တင်မောင် အသက် ၁၆ နှစ်၊ မင်းသားဖြစ်လာပြီ။ အမေမြိုင်၏ တူမအကြီး မခင်ရည်။ တူမအငယ် ရတနာပုံ မခင်ကြည်တို့နှင့် တွဲဖက်ကပြကြရ၏။ ပရိသတ်က နှစ်ယောက်စလုံးကို တစ်ခဲနက်အားပေး၏။ ဤတွင် နန်းတော်ရှေ့ဆရာတင် ရေးသားထားသော ဒုသနသော ခြောက်ပေါက်သီချင်း ပေါ်လာပြန်သည်။

"ဘုံခုနစ်ဆင့်က တံခါးဖွင့်၍ ကြည့်ကာမျှော်။
ထိုမိန်းမကို အလိုစိတ်ကျလို့ ဘုရင်မြင်လေသော်။
ထိုကာမပိုင်ကို ခေါ်စေအမိန့်တော်။
သမုဒ္ဒရာကြီးကို ရှာစေအမိန့်တော်။
ဒုသနသော တကြော်ကြော်"

ထိုတေးသီချင်းမှာ လူတိုင်း၏ပါးစပ်ဖျားတွင် ရောက်နေသည့်နည်းတူ တေးသံရှင်မှာလည်း လူတိုင်း၏ ပါးစပ်ဖျားတွင် သတင်းကြီးနေလေ၏။ ထိုအချိန်တွင် မောင်တင်မောင်မှာ ၁၆ နှစ်သားမျှသာ ရှိသေးစေကာမူ ဇာတ်တစ်ဇာတ်ကို ကောင်းစွာတာဝန်ယူ အုပ်စီးနိုင်ခဲ့ပြီ။

မောင်တင်မောင်၏အထက် ဒေါ်သိန်းတင်နှင့် ဦးခင်သက်တို့မှာ

mgyoe.com

mgyoe.com


စီးပွားရေးအမြင်ရှိကြ၏။ သို့ကြောင့် မောင်တင်မောင်ကို "ရွှေမန်းတင်မောင်"အမည်ဖြင့် ဇာတ်ထောင်ပေးကြ၏။ ထိုမှတစ်ဖန် မောင်တင်မောင် ၁၉ နှစ်သားအရောက်တွင် မင်းသားဦးစိန်ကတုံး၏ ရွှက်ထည်ရုံကို ဦးကျော်ဒွန်းထံမှ ဝယ်ယူလိုက်၏။ ဗလာပွဲများ မကတော့ဘဲ ရွှက်ထည်ရုံဖြင့် ကိရိယာတန်ဆာပလာများ အဆင့်မြှင့်ပြီး ရုံပွဲအဖြစ် ရုံသွင်းကပြလေတော့၏။

ရွှေမန်းတင်မောင်ဇာတ်သည် ၁၉၃၆ ခုနှစ်တွင် ရန်ကုန်သို့ဆင်းလာပြီး ကန်တော်ကြီး၌ ကပြသည်။ ယောကျ်ားတံခွန်၊ မုဒုလက္ခဏာ၊ ဒုသနသောအော်ပရာများဖြင့် ရွှေမန်းတင်မောင်အမည်သည် ဟိုန်းထွက်လာ၏။ သို့ရာတွင် အတက်တွင် လှည်းစည်းကုံးပြတ်၏သို့ ရွှေမန်းတင်မောင် ဇာတ်သဘင်ကြီး နာမည်တက်နေဆဲ၌ ဒုတိယကမ္ဘာစစ်ဖြစ်လာသောကြောင့် ဇာတ်ခေါင်းကွဲသွားလေ၏။

သို့သော် အခြားဇာတ်သဘင်ပညာရှင်များ ရပ်နားနေစေကာမူ ကိုတင်မောင်မှာ ရပ်နားမနေရပါ။ ရင်းနှီးသောမိတ်သင်္ဂဟများ၏ လက်ထပ်မင်္ဂလာပွဲ၊ အလှူများတွင် ပါဝင်ဆောင်ရွက်ပေးရသဖြင့် မအားလပ်ပါ။ စစ်အတွင်း၌ ရွှေမန်းတင်မောင်ဇာတ်သဘင်ကို ပြန်လည်ဖွဲ့စည်းသော်လည်း စစ်ဒဏ်ကိုမခံနိုင်ပါ။

သို့ဖြစ်သဖြင့် တိုင်းပြည်အေးချမ်းမှ ရွှေမန်းတင်မောင်သဘင်ကို ထပ်မံဖွဲ့စည်းနိုင်၏။ သို့ရာတွင် လေပြေးဆဲ၌ တက်ကျိုး၏သို့ ရွှေမန်းတင်မောင်မှာ ကဇျ်ကောင်းဆဲ၌ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုကြီးကြောင့် ရန်ကုန်တွင် သောင်တင်ခဲ့ရ၏။

ရွှေမန်းတင်မောင်ကား အလွန်ဖွဲကောင်း၏။ အားမာန်ထက်သန်၏။ အင်းစိန်ဘက်တွင် တအုန်းအုန်း ပစ်ခတ်နေသည့်ကြားက ပန်းဆိုးတန်းဖိမ်ရုံ (ရိုဂဲရောက်စီ) တွင် ဝင်ရောက်ကပြ၏။ ဇာတ်သဘင်ရွှေ့

mgyoe.com

mgyoe.com


ပိုင်းတွင် အော်ပရာနှင့် လူ့ဘိုင်စကုပ် နေရာယူထားရာက ပြဇာတ်ကို တင်လာသူမှာ ရွှေမန်းတင်မောင် ဖြစ်ပေ၏။

ရွှေမန်းတင်မောင်သည် ဘုန်းကြီးကျောင်းသားဖြစ်စေကာမူ ဘဲလေးကဇာတ်ကို တီထွင်နိုင်စွမ်းရှိ၏။ ကဇာတ်ဟန်ဖြင့် သရုပ်ဖော်သော ဘဲလေးအကကို ရွှေမန်းတင်မောင်သည် မြန်မာဇာတ်စင်ပေါ် တင်ပေးခဲ့ ၏။ ဘဲလေးကို မြန်မာပရိသတ်နှင့် မိတ်ဆက်ပေးခဲ့ပေသည်။

ညဥ့်ဝက်စနစ် သဘင်သစ်ကို တီထွင်သူမှာလည်း ရွှေမန်းတင်မောင် ဖြစ်သည်။ သူသည် ရန်ကုန်မြို့ သိမ်ဖြူကွင်း ရွက်ထည်ရုံတွင် ဗုဒ္ဓဝင်ဖွားတော်မူခန်း၊ ဗုဒ္ဓဝင်လေးတော်တင်ခန်းတို့ကို ညဥ့်ဝက်စနစ်ဖြင့် တင်ဆက်ကပြခဲ့သည်။ အမျိုးသားပညာဝန် ဦးဖိုးကျား အစရှိသော တိုင်းချစ်ပြည်ချစ် မျိုးချစ်ပုဂ္ဂိုလ်များသည် မလိုလားအပ်သော အပြိန် အဖျင်းတို့ကို ဖယ်ထုတ်ပြီး အနှစ်ပြည့်သော ကပြမှုကို တောင့်တခဲ့ကြ၏။ ရွှေမန်းတင်မောင်၏ ညဥ့်ဝက်စနစ်သဘင်သစ်ကား ထိုတောင့်တချက် အတိုင်း ဖြစ်၏။

ရွှေမန်းတင်မောင်သည် စာဖတ်၏။ စာကျက်လည်း မပျင်းပေ။ ပညာရှိကို မှီဝဲရန် ဆည်းကပ်ရန်လည်း ဝန်မလေးပေ။ အပြစ်ကင်းသော၊ အရိုးပေါ် အရွက်မဖုံးသော တီထွင်မှုများကိုလည်း နိုးကြားသောအသိဖြင့် ဆောင်ရွက်လေ့ရှိ၏။

ရွှေမန်းတင်မောင် ဤရွှေ့ဤမျှ ကောင်းနေ၊ တော်နေခြင်းမှာ အရိပ်ကောင်းသောကြောင့်ဟု အချို့က ဆိုကြ၏။ အရိပ်မှာ သူ၏ မန်နေဂျာ ဦးခင်သက်ဖြစ်သည်ဟု အတွင်းသိများက ဆို၏။

ထိုမန်နေဂျာ ကောင်းသောကြောင့် ဇာတ်အဖွဲ့သူ အဖွဲ့သားများ၏ နေရေးစားရေးကို ဇာတ်ဆရာမင်းသား မပူရပေ။ မည်သို့ဆိုမည်၊ မည်သို့ငိုမည်၊ မည်သို့ပြောမည် စသော သဘင်ပညာရပ် တိုးတက်ရေး

mgyoe.com

mgyoe.com


ကိုသာ စိတ်ကူးအားထုတ်နေနိုင်သောကြောင့် ရွှေမန်းတင်မောင်မှာ တိုးတက်သည်ထက် တိုးတက်ပြီး၊ အောင်မြင်သည်ထက် အောင်မြင်သည်။ တစ်ခါတစ်ရံတွင် ဇာတ်အဖွဲ့နေရာ ပြောင်းသောကြောင့်သာ လိုက်ပါ သွားရပြား မည်သည့်နေရာသို့ဟူသည်ကို ဇာတ်ဆရာမင်းသား မသိချေ။ ဤသည်မှာ မန်နေဂျာအရိပ်ကြီး၏ ကောင်းမှုဟု ပြောကြ၏။

ရွှေမန်းတင်မောင်မှာ မီးကြီးနှစ်ကြိမ် အလောင်ခံရပြား ဣန္ဒြေမပျက်ပေ။ ကူညီစောင့်ရှောက်မည့်သူများ အသင့်ရှိသောကြောင့် မာမြဲမာ၊ ဝင့်မြဲဝင့်နိုင်၏။

၁၉၅၆ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ဥရောပတိုင်းပြည်များသို့ အစိုးရယဉ်ကျေးမှုဝန်ကြီးဌာနက ပထမဦးဆုံး စေလွှတ်သော မိတ်ဆက်အဖွဲ့တွင် ဇာတ်မင်းသားသုံးယောက် ပါဝင်သည်။ ယင်းတို့မှာ ရွှေမန်းတင်မောင်နှင့် စိန်အောင်မင်း၊ ကနက်စိန်တို့ဖြစ်သည်။

၎င်းအဖွဲ့တွင် လူ ၃၀ ပါဝင်သည်။

(၁) အလင်္ကာကျော်စွာ စိန်ဝေလျှံ (အလင်္ကာကျော်စွာ ဦးဖိုးဝေ)
(၂) သန်လျင်မြဦး (ယဉ်ကျေးမှုအထက်တန်းအရာရှိ ဦးမြဦး)
(၃) ပြန်ကြားရေးအရာရှိ ဘီဘီစီဦးခင်
(၄) ဦးစိန်ညွန့် (အတွင်းရေးမှူး) မန္တလေးပန်တျာနှင့် ပန်းချီ ပန်းပု ကျောင်းအုပ်ကြီး
(၅) ဒေါက်တာဒေါ်ခင်သန်းနု (အဖွဲ့အတွက်ဆရာဝန်)
(၆) ဦးထွန်းတင် (အဖွဲ့ခေါင်းဆောင်) ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး
(၇) အကယ်ဒမီမေနွဲ့ (ရုပ်ရှင်မင်းသမီး)
(၈) အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်

mgyoe.com

mgyoe.com


(၉) ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း
(၁၀) ဦးကနက်စိန်
(၁၁) အလင်္ကာကျော်စွာ ဦးဟံပ (ဆိုင်းအဖွဲ့ခေါင်းဆောင်)
(၁၂) ဦးလှမိုး (အကအဖွဲ့ဝင်)
(၁၃) ဦးထွန်းစိန် (ပတ်မတီး)
(၁၄) ဦးချစ်စိန် (ကြေးတီးမောင်းတီး)
(၁၅) ဦးညီဟန် (နှဲ)
(၁၆) ဦးစိန်ချစ်တီး (ပတ်တီးလက်ထောက်)
(၁၇) ဦးစိန်လှအောင် (ဆိုင်းအဖွဲ့)
(၁၈) ဦးစိန်လွင် (ပစ္စည်းထိန်း)
(၁၉) ဦးကျင်စိန် (အကအဖွဲ့ဝင်)
(၂၀) ဦးဘခိုင် (အဆို+စည်တီး)
(၂၁) ဦးမြဦး (နှဲ)
(၂၂) မငွေရ (အကအဖွဲ့ဝင်)
(၂၃) မရီရီညွန့် (အကအဖွဲ့ဝင်)
(၂၄) မအေးကြိုင် (အကအဖွဲ့ဝင်)
(၂၅) မခင်ဝင်းရွှေ (ခေါ်) ဝင်းဝင်းဝါ (အကအဖွဲ့ဝင်)
(၂၆) အညွန့် (အကအဖွဲ့ဝင်)
(၂၇) မငွေသန်း (ခ) နွဲ့နွဲ့စန်း (အငြိမ့်နှင့် ရုပ်ရှင်မင်းသမီး)
(၂၈) မခင်စိန် (မန္တလေးပန်တျာ အကနည်းပြ ဆရာမဟောင်း)
(၂၉) မစန်းစန်းရီ (အကအဖွဲ့ဝင်)
(၃၀) ဦးဘ (ပညာမင်းကြီး)

ထိုအချိန်အခါက ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ တည်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ အမ်စတာ

mgyoe.com

mgyoe.com


ဒမ်မြို့သို့၊ ထိုမှတစ်ဆင့် ချက်ကိုစလိုဗက်ကီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ ပရပ်မြို့တော်သို့ လေကြောင်းခရီးဖြင့် သွားကြရ၏။ ပရပ်မြို့တော်သို့ အရောက်တွင်ကား ဆိုဗီယက်ပြည်ထောင်စုမှ အသင့်လာရောက်စောင့်ကြိုနေသော အထူးလေယာဉ်နှစ်စင်းဖြင့် ခရီးဆက်ကြရ၏။

ဆိုဗီယက်နိုင်ငံ မော်စကိုမြို့ရှိ ဘောလရှိုင်းဇာတ်ရုံကြီးတွင် ကပြအသုံးတော်ခံနေဆဲတွင် ယူဂိုစလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံသို့ ထပ်မံ ခရီးဆက်ကာ ကပြခဲ့ကြရန် အကြောင်းကြားသဖြင့် ယူဂိုစလားဗီးယားသို့ ခရီးဆက်ခဲ့ကြရသေး၏။

ရွှေမန်းဦးတင်မောင်ပါဝင်သော လေယာဉ်တစ်စင်းသည် ယူဂိုစလားဗီးယားနိုင်ငံ၌ ကျင်းပသော လူငယ်ပွဲတော် (၁၉၅၆) ဆင်နွှဲအပြီး မော်စကိုမြို့တော်သို့အပြန်တွင် နှင်းမုန်တိုင်းမိတော့သည်။ နှင်းမုန်တိုင်းကို ရှောင်တိမ်းရင်း ဓာတ်ဆီကုန်သွားသည့်အတွက် ရူမေနီးယားနိုင်ငံ ဘူခါရက်လေယာဉ်ကွင်းသို့ အရေးပေါ် ဆင်းသက်ရ၏။

ထိုမြို့တွင် ဆရာကြီးဦးဟန်ပ၊ ရွှေမန်းဦးတင်မောင်၊ ဦးကနက်စိန်၊ ဦးစိန်အောင်မင်းနှင့် အခြားအဖွဲ့ဝင်ရှစ်ဦးတို့ သုံးရက် သောင်တင်နေခဲ့ကြရ၏။

နိုင်ငံခြားသားတို့၏ ဇာတ်သဘင်ဆိုင်ရာ သဘောထားကို သိခဲ့ရသဖြင့် ဦးတင်မောင်အတွက် အဖိုးတန်သင်ခန်းစာများ ရခဲ့ပေသည်။ သူသည် စာဖတ်၏။ စာရေးရန်လည်း ဝါသနာပါ၏။ စာကျက် မပျင်းသောကြောင့် ရန်ကုန်မြို့ သိမ်ဖြူကွင်း၌ ကပြခဲ့သော "ညဥ့်ဝက် စနစ်သဘင်သစ်"ပါ ဇာတ်ထုပ်များအတွက် စာများကို ရွတ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပေ၏။

ရွှဲကုန်သည်ဇာတ်ထုပ်တွင် ရွှေမန်းတင်မောင်သည် သဘောထားညံ့သောသူနေရာမှ ပါဝင်သရုပ်ဆောင်ခဲ့၏။ သူသည် သူ့ကို ပွဲကြည့်

mgyoe.com

mgyoe.com


ပရိသတ် မုန်းတီးသွားမည်ကို မစိုးရိမ်ပေ။ ပွဲကြည့်ပရိသတ် ပညာရရေးသာ အဓိကထား၏။

ရွှေမန်းတင်မောင်သည် ဗုဒ္ဓဝင်ဖွားတော်မူခန်းမှ တောထွက်ခန်းအထိ ဇာတ်ထုပ်များတွင် ကာဠုဒါယီအမတ်အဖြစ်တစ်ဖုံ၊ သုဒ္ဓေါဒနမင်းအဖြစ်တစ်ဝ အလဲအလှယ် သရုပ်ဆောင်ပုံများမှာလည်း ချီးကျူးအံ့ဩဖွယ် ဖြစ်ပေ၏။ ရွှေကြေးစည်နှင့် မောင်မှူးဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ပုံများမှာလည်း ချီးကျူးဖွယ်ရာသာ ဖြစ်၏။

သို့ရာတွင် ငှက်များသည် ပျံရင်းသေသကဲ့သို့ ရွှေမန်းတင်မောင်သည်လည်း သဘင်သည် အနုပညာသမားပီပီ ကရင်းခုန်ရင်းဖြင့် ဆင်ပေါင်ဝဲမြို့ မဟာပိန္နဲဘုရားပွဲတော် ဇာတ်ခုံပေါ်တွင် ကွယ်လွန်သွားခဲ့၏။ သူထားရစ်ခဲ့သော မျိုးဆက်သစ်ရင်သွေးများမှာ ရုပ်ရှင်မင်းသားညွှန့်ဝင်းနှင့် ဆန်းဝင်း၊ ချမ်းသာ၊ ဝင်းဗိုလ်တို့သာမက မြေးများကပါ ဘိုးအေသွေးကို ပြနေကြပြီ။

❐

mgyoe.com

mgyoe.com




## မင်းသား ရွှေကျီးညို

ရွှေကျီးညို အမည်စာလုံးပေါင်းမှာ ကကြီးယပင့်သော ရွှေကျီးညိုအဖြစ် စာလုံးပေါင်းခဲ့ရာ နောက်ပိုင်းတွင် "ရွှေကြီးညို" ဖြစ်သွားပါသည်။ သို့ရာတွင် လူသိများသော ယပင့်ဖြင့်ပင် ရွှေကျီးညိုဟု ရေးလိုက်ပါသည်။

မင်းသားရွှေကျီးညိုမှာ အသံအောင်သော မင်းသားဖြစ်ကာ ဇာတ်ပြားခေတ်တွင် အလွန်ထင်ရှား အောင်မြင်ကျော်ကြားသည်။ သူ၏ဇာတိမှာ ဟင်္သာတမြို့ဖြစ်ပြီး နယားပျံဆရာခနှင့် ဒေါ်ကြင်မြိုင်တို့က ၁၂၈၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။

မင်းသားရွှေကျီးညိုသည် သားသမီးကိုးယောက်အနက် တတိယသားဖြစ်၏။ သဘင်မျိုးရိုးဖြစ်သည့် အားလျော်စွာ ငယ်စဉ်ကပင် အကအခုန် အတီးအမှုတ်၌ ဝါသနာပါခဲ့သည်။ သို့ဖြင့် ၁၇ နှစ်သားတွင်

mgyoe.com

mgyoe.com


မင်းသားဖြစ်လာကာ ရွှေဘုတ်နှင့် ခေတ်ပြိုင်ဖြစ်ခဲ့၏။

ရှေ့ပိုင်းတွင် မင်းသားရွှေကျီးညိုသည် မင်းသားအာဇာနည် လှကြည်နှင့် တွဲဖက်ပွဲထွက်ခဲ့ရသည်။ အသံမင်းသား ရွှေကျီးညိုအဖြစ် ထင်ရှားပြီးနောက်တွင် မင်းသမီးအောင်ဗလနှင့်လည်း တွဲဖက်ကပြခဲ့၏။ ဗလပြန်နှင့် ပဲခူးမြ၊ မျိုးချစ်ဆွေ၊ ရွှေဘိုကျော့၊ ပဟိုရ်စည်လှလှရီ၊ ပဲခူး ကြည်စသော မင်းသမီးများနှင့်လည်း တွဲဖက်ကပြခဲ့၏။

ရွှေကျီးညို၏ လူကြိုက်များပြီး ထင်ရှားသော ဇာတ်ထုပ်များမှာ "ပဒုမပေါင်တိုနှင့် သဒ္ဓါသုမန၊ ယက္ခကုမ္ဘာန်၊ ဖေလူဝံ၊ ဝိဇယကုမ္ဘာန်၊ နံ့ကရိုင်းမယ်တော်၊ ကျိုက်ထီးရိုးသမိုင်း၊ ပန်းပဲမောင်တင့်တယ်၊ ကျွန်းညိုကြီးရာဇဝင်" တို့ဖြစ်၏။ သူသည် ၁၉၃၃ ခုနှစ်နောက်ပိုင်းတွင် ပိုမို ထင်ရှားလာ၏။

၎င်း၏အိမ်ထောင်ဖက်မှာ အငြိမ့်မင်းသမီး လှလေးကြည်ဖြစ်ကာ မင်းသားစိန်ကျီးညိုနှင့် မြကျီးညိုဟူသော သားနှစ်ယောက် ထွန်းကားခဲ့၏။ အသက် ၆၀ အရွယ်တွင် ပဲခူးမြို့၌ ပွဲကရင်း ကွယ်လွန်ခဲ့၏။

❒

mgyoe.com

mgyoe.com




## မင်းသား ရွှေနန်းတင်

မင်းသားရွှေနန်းတင်၏ ငယ်နာမည်မှာ မောင်နန်းတင်ဖြစ်သည်။

ရွှေနန်းတင်၏ ဆွေစဉ်မျိုးဆက်သည် ရတနာပုံ မန္တလေးခေတ်က မင်းဆွေမင်းမျိုးများ ဖြစ်ခဲ့သည်။ အဖ စာရေးဆရာ နန်းတော်ရှေ့ဆရာတင်နှင့် အမိ မင်းသမီးပေါ်လင်တင်တို့က မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် ပြာသိုလဆန်း ၁ ရက်၊ တနင်္လာနေ့တွင် ရန်ကုန်မြို့ ၅၁ လမ်း၌ ဖွားမြင်ခဲ့သည်။

မောင်နန်းတင်သည် ရန်ကုန်တွင် နေထိုင်စဉ်အတွင်း စိန်ပေါကျောင်းနှင့် မက်သဒစ်ကျောင်းတို့တွင် စာပေသင်ကြားခဲ့သည်။ သူသည် ၁၇ နှစ်သား၊ ၁၈ နှစ်သားတွင် မင်းသားဖြစ်လာသည်။

"သကုန္တလာဇာတ်နှင့် အဇာတသတ်ဇာတ်၊ ဆင်ခိုးမလေး" ဇာတ်ထုပ်တို့ကြောင့် ရွှေနန်းတင်ဟု နာမည်ကြီးခဲ့သည်။ အောင်မြင်ခဲ့သည်။

mgyoe.com

mgyoe.com


မင်းသားရွှေနန်းတင်၏ အိမ်ထောင်ဖက်မှာ မင်းသမီးခင်စန်းတင် ဖြစ်၏။ သမီးကြီး နန်းခင်အေးနှင့် နန်းခင်ဌေး (ကွယ်လွန်)၊ နန်းဝင်း၊ နန်းခင်မွှေးတို့ ထွန်းကားခဲ့သည်။ အငယ်ဆုံးနှစ်ယောက်မှာ ထင်ရှားသော ဇာတ်မင်းသားနန်းဝင်း၊ ထင်ရှားသော ဇာတ်မင်းသမီး နန်းခင်မွှေး အဖြစ် ထင်ရှားကျော်ကြားသည်။

မင်းသားရွှေနန်းတင်သည် ၁၉၆၉ ခုနှစ်တွင် ဇနီး ဒေါ်ခင်စန်းတင်နှင့် ကွာရှင်းခဲ့ပြီးနောက် ၂၃ နှစ်အကြာ ၁၉၉၂ ခုနှစ်၌ ဒေါ်ခင်ဆွေဝင်းနှင့် လက်ထပ်ခဲ့သည်။

❐

mgyoe.com

mgyoe.com




## မင်းသား ကနက်စိန်

စိန်မဟာသဘင်၏ မျက်ရှုမင်းသား ကနက်စိန်ကို အိမ်သူအိမ်သားများက "ကိုခဲ" ဟု ခေါ်ကြ၏။ သူသည် ဇာတ်မင်းသားကြီး ဘုရားဒါယကာ ဂရိတ်ဖိုးစိန်နှင့် မင်းသမီး ဒေါ်ကြင်ယုံတို့၏ သားကြီးဖြစ်သည်။ ၁၉၁၇ ခုနှစ်တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။

ကနက်စိန်သည် ၁၉၃၆ ခုနှစ်တွင် ဆယ်တန်းအောင်ကာ တက္ကသိုလ် သပိတ်နှင့် တိုးသည်။ ထို့ကြောင့် သူသည် အင်္ဂလန်သို့ရောက်သွားပြီး ပညာဆက်သင်ရန် ကြိုးစားသည်။

သို့ရာတွင် သူ့ဖခင် ဘုရားဒါယကာကြီးက သူ့ကို သဘင်ပညာ များသာ လေ့လာခိုင်းသည်။

သူ့ဖခင် ဘုရားဒါယကာကြီး ဂရိတ်ဖိုးစိန်သည် ဖုန်အလူးလူး ဖြင့် ဖြစ်ကတတ်ဆန်း ကပြနေရသော မြေဝိုင်းသဘင်ကို ဦးဘကျော်

mgyoe.com

mgyoe.com



ထက်သာလွန်အောင် မွမ်းမံမြှင့်တင်ခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်စကား ကောင်းစွာ ပြောတတ်ပြီး ကမ္ဘာ့သဘင်ကိုပါ သိသော သားကြီး ကနက်စိန် ကိုလည်း စိန်မဟာသဘင်ကို ဦးဆောင်ရန် တာဝန်ပေးခဲ့၏။

ရန်ကုန်တွင် ဘုရားဒါယကာကြီး ဂရိတ်ဖိုးစိန် အသည်းအသန် ဖြစ်နေချိန်ဝယ် သူ့၏သားများဖြစ်သော ကနက်စိန်နှင့် ပက်ထရစ် စိန်ကြိုင်၊ တသက်စိန်တို့မှာ မြောင်းမြမြို့သို့ရောက်နေသည်။ ၂၂.၁၂.၁၉၅၂ ခုနှစ် ညခုနစ်နာရီတွင် သဘင်ဦးသျှောင်ကြီး ကွယ်လွန် သော သတင်းရေဒီယိုမှလာငြား ကိုခဲတို့ မသိ။ လူပြောသူပြောဖြင့် သိရစေကာမူ ပွဲခွင်ကို မဖျက်ရဲ။ ကမြဲကနေကြရာ "ပိုက်ဆံလည်း ပြန်မအမ်းပါနဲ့၊ ကလည်း ကမနေကြပါနဲ့တော့" ဟု ညီအစ်ကိုသုံးယောက် ကို သနားကြင်နာသောအားဖြင့် ပွဲကြည့်ပရိသတ်က တောင်းပန်ယူရ၏။

"လာပါဒေဝီ မာယာပွေလီ။ မာယာပွေလီ လာပါဒေဝီ။ ရွှေပြည်ကို မြန်း ဒေဝီပျို့ဖြန်း စခန်းအလှည့်မှာ ပန်းတဲ့ကညာ လှမ်းခဲ့ပါကွယ်၊ ကုန်းမော်အတက်ဝယ် ဘုန်းမော်ရှက်ဖွယ်၊ သလုံးတော် ညက် ညက်ကလေးရယ် ပေါ်တော့မယ်။

တစ်ဒေဝီရယ်၊ တစ်ဒေဝီရယ်၊ မဟေသီရယ် လှမ်းခဲ့ပါ့မြိုင်အထု ဝယ်၊ ကိုယ့်ထဘီကလေးကိုမှ မနိုင်တော့ဘူးလား၊ မနိုင်တော့ဘူး လားကွယ်။ ကိုယ့်ပဝါကလေးကိုမှ မနိုင်တော့ဘူးလား၊ မနိုင် တော့ဘူးလားကွယ်။ လှမ်းခြွေဆင်ပေးမယ် အမှန်ပါ့၊ သန်းရွှေ ရင်ကလေးရယ် အမြန်ထ၊ ပန်းရွှေစင်ကလေးကို ပန်မလားဗျာ့၊ နန်းမြေကဝေး မြေကဝေး၊ နန်းမြေကဝေး မြေကဝေး။

ကလေးလိုပါ့ တီတာတာငယ်– တီတာတာငယ်။ ဝေးသကိုဘုရာ့ လို့ပလီတာကွယ်၊ ကလီကမာ သဘောတွေနဲ့ ပလီပလာနှောပါလို့၊ တီတီတာတာပြောသူရဲ့ တောရဲ့မြိုင်အလှည့်မှာ မောလို့ထိုင်

mgyoe.com

mgyoe.com


သတဲ့ဗျာ။ ခေါင်ဆုံးကြော့ပျို့နှမရယ်၊ တောင်တစ်လုံးသာလို
တော့ကျော် ပါ့ကွယ်။ ချောစွခင်မေသနင်း၊ မင်းကညာနှမရယ်၊
မေကညာ ခင်တစ်ပါးရယ် ဖြေကာသာ တမင်နားမယ်၊ ရွှေစံကား
ဝါနှစ်ပင် ကြားဝယ်၊ တို့လင်မယားခိုစို့တကယ်"

ဘုရားဒါယကာကလေး ကနက်စိန်၏ နာမည်ကျော် နှစ်ပါးသွား သီချင်းဖြစ်၏။ ကနက်စိန်ကို ဘုရားဒါယကာကလေးဟူသည့် အမည် ပေးသူမှာ အဖဘုရားဒါယကာ ဂရိတ်ဖိုးစိန်ပင် ဖြစ်သည်။ ကနက်စိန်၏ ဘုရားဒါယကာအမည်မှာ ခေါ်၍ကောင်းစေရန် ဟန်လုပ်ပြီး မှည့်ခေါ် ထားခြင်းမဟုတ်၊ မုံရွာမြို့ မိုးညှင်းတောရတွင် ဘုရားတစ်ဆူအမှန်ပင် တည်ထားခဲ့သည်။

ကမ္ဘာကျော်မင်းသား၏ သား၊ ဘိလပ်ပြန်မင်းသားကို မိန်းမချော မိန်းမလှတွေ ဝိုင်းနေသဖြင့် မမှားယွင်း မပျက်စီးစေရန် ၁၉၃၇ ခုနှစ် အလွန်တွင် ကနက်စိန်ကို မိဘများက နေရာချထားပေးသည်။ ဒေါ်ကြင်ယုံ ၏တူမ မမြသန်းဖြစ်၏။ ကနက်စိန်တို့ဇနီးမောင်နှံတွင် သားသမီး လေးယောက် ထွန်းကားခဲ့သည်။ ၎င်းတို့မှာ သမီးကြီး မြမြစိန်၊ သူ့ အောက်က ရဲစိန်၊ ၎င်းနောက် ညီညီစိန်၊ သမီးအထွေးဆုံး ပြုံးပြုံးစိန်တို့ ဖြစ်သည်။

ကနက်စိန်သည် တစ်ချိန်က နိုင်ငံနှင့်အဝန်း ဦးညွှတ်ရိုသေခဲ့သော မြဝတီဆရာတော် (လူမည်ဦးအုန်း) ထံ ဆည်းကပ်၍ ဇင်းမယ်ပဏ္ဏာသ ပါဠိများကို မြန်မာပြန်ပြီး ရုပ်စုံဆရာကြီး စိန်ဆရာကြည်၏ အကူအညီ ဖြင့် ယနေ့အထိ ဘာသာမပြန်ရသေးသော–

(၁) သုဝဏ္ဏတိဗက
(၂) သိရသကုမာရ
(၃) ဒွေသီဟမံသ

mgyoe.com

mgyoe.com



(၄) မဟာပဒုမ (အလောင်းတော် မဟာပဒုမ မဟုတ်)

(၅) သိရိဝိပုလ်ကိတ္တိ

(၆) ပတ္တမြားမျက်လုံး (မဏိကတ်) တေးသံစုံ ဇာတ်ဆန်းယဉ် တို့ကို မြန်မာဘာသာပြန်ဆိုကာ ကပြခဲ့သည်။ မည်သည့်ဇာတ်အဖွဲ့ကမျှ မလုပ်ဆောင်ဖူးသော "စိန်မဟာသဘင်ရုပ်စုံ" ကိုလည်း ထုတ်ဝေခဲ့ သည်။

ကနက်စိန်သည် အဖဘုရားဒါယကာကြီး ကွယ်လွန်ပြီးနောက်တွင် မိခင်ကြီးနှင့်တကွ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်၊ ယင်းတို့မှဆင်း သက်လာသော ပုစုခရု ၁၅ ယောက်သာမက စိန်မဟာသဘင် အဖွဲ့သား တစ်ရာကျော်ကိုပါ အုပ်ချုပ်ခေါင်းဆောင်နေရ၏။

ကနက်စိန်သည် စိန်မဟာသဘင်ကို "ခေတ်စမ်း"ဟု ကင်ပွန်းတပ် ခဲ့သည့်အတိုင်း မြန်မာ့ဇာတ်ခုံပေါ်တွင် မမြင်မကြားဖူးသေးသော အဆင် အပြင်၊ လျှပ်စစ်မီးရောင်ခြည်တို့ကို ဦးဦးဖျားဖျား တင်ပြခဲ့ခြင်း၊ သက်မဲ့ ပစ္စည်းဖြစ်သော ယပ်တောင်၊ ဖဲချပ်၊ စာလုံး၊ မော်တော်ကား၊ ဒူးရင်းသီး၊ အိုးခွက်ပန်းကန် စသည်တို့ကို အသက်သွင်းပြီး အနောက်တိုင်း ဘဲလေး အကမျိုးကို မြန်မာမှု မြန်မာဆိုင်းဖြင့် တင်ပြခြင်း၊ ပသီပုံပြင် စသော တရုတ်ကုလား ရှေးဇာတ်ဆန်းများကို တင်ပြခြင်း၊ မြန်မာဇာတ်သဘင် ကို ရှေ့ပိုင်းဇာတ်ဟု ရှေးဦးစွာ ပေါ်ထွက်လာစေခြင်းတို့ဖြင့် ခေတ်ကို စမ်းသပ်ခဲ့ဖူးပါပြီ။

နောက်ထပ်တစ်ဖန် ခေတ်ကို ဆန်းပြန်ပြီ။

ပလေဒီယံရုပ်ရှင်ရုံ (နောင်တွင် ပပဝင်းရုပ်ရှင်ရုံ၊ ယခု ကုန်သည် ကြီးများဟိုတယ်) တွင် မြန်မာ့ဇာတ်သဘင်ကို တင်ဆက်သည်။ နောက်ပိုင်းဇာတ်ကြည့်ရန် အအိပ်ပျက်မခံနိုင်သူများအတွက် တင်ဆက် ခြင်း ဖြစ်သည်။ သူ့ဖခင်ကြီး အသက် ၃၀ အရွယ်က မိုင်ဒါကွင်း (မြို့မ

mgyoe.com

mgyoe.com



ကျောင်း ရှေ့ကကွင်း) တွင် ရွက်ထည်ရုံဖြင့်လည်းကောင်း၊ ဂျူဗလီဟော (ယခု မရှိပြီ) တွင်လည်းကောင်း ညဝက်ပွဲများဖြင့် စမ်းသပ်ခဲ့ရာ အသွား အလာ ခက်ခဲသဖြင့် မအောင်မြင်ခဲ့ချေ။

ယင်းတို့ကို စမ်းသပ်လိုသည့်အတွက် ကနက်စိန်သည် မြန်မာ ဇာတ်သဘင်ကို ရုပ်ရှင်ရုံတွင် တင်ဆက်ကပြခြင်းဖြစ်၏။ စီးပွားရေးအရ မအောင်မြင်စေကာမူ ပညာခန်း အနုပညာပိုင်းတွင်ကား ကနက်စိန် အောင်မြင်ပါသည်။ ဘုရားဒါယကာကြီး၏ အလိုကျ ဆောင်ရွက်နိုင်ပါ ပေသည်။

❐

mgyoe.com

mgyoe.com




## မင်းသား စိန်အောင်မင်း

မြန်မာဇာတ်မင်းသား စိန်အောင်မင်း၏ ငယ်နာမည်မှာ မောင်ဝဏ္ဏဖြစ်သည်။ သို့ရာတွင် ဝဏ္ဏဟုခေါ်သူမရှိဘဲ ထွန်းရွှေဟူ၍သာ ခေါ်ကြသည်။

၁၂၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၂ ရက် တနင်္ဂနွေနေ့၌ ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် မြစ်ကျိုးရွာတွင် ဦးဖိုးလှိုင်၊ ဒေါ်ငွေဖြူတို့မှ ဖွားမြင်သည်။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်တွင် အငယ်ဆုံးသား ဖြစ်သည်။

မောင်ဝဏ္ဏသည် သဘင်ပညာ၌ ဝါသနာကြီးသောကြောင့် လေးမျက်နှာမြို့ရှိ ဆိုင်းဆရာကြီး ဆရာစ၏ဆိုင်းတွင် ဆိုင်းမင်းသားအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ရင်း ပညာသင်ယူခဲ့၏။

ထွန်းရွှေအသက် ၁၃ နှစ်သားတွင် ပုသိမ်မြို့မှ ဦးအောင်စိန်နှင့် ဒေါ်ခင်သန်းတို့ထံ ရောက်သွားသည်။ သူတို့တွင် အင်္ဂလန်စိန်အမည်ရှိ

mgyoe.com

mgyoe.com


အင်္ဂလိပ်တစ်ယောက်ရှိသည်။ မြန်မာများက အထူးအဆန်းအဖြစ် အားပေးနေပြား သီချင်း မဆိုတတ်ပေ။ အင်္ဂလန်စိန်ဆိုတတ်သော သီချင်းမှာ "နေဝင်လျှင် မီးခွက်မှုတ်၊ ဓီးကွက်ရုပ်လိုပ် ကတတ်တာ" သာ ဖြစ်သည်။

ထွန်းရွှေကို မြို့ပေါ်သို့ခေါ်လာသော ဦးအောင်စိန်မှာ ဘားကျွမ်း ဆရာဖြစ်သည်။ သူ့ဇနီးဒေါ်သန်းမှာလည်း "မြန်မာသန်း" အမည်ရှိသည့် မင်းသမီးဖြစ်နေပြန်သည်။ သို့ဖြစ်သဖြင့် ထွန်းရွှေကို အောင်ထွန်းရွှေအမည်ပေးကာ နောက်ပိုင်းကို တာဝန်ပေးလိုက်တော့၏။

သီချင်းသော်မျှမဆိုတတ်သော အင်္ဂလန်စိန်က တစ်ည ၃၀ ကျပ် ရပြီး နောက်ပိုင်းကို ထိန်းပေးသော အောင်ထွန်းရွှေမှာ ၃ ကျပ်သာရသည်။

မည်သို့ပင်ဖြစ်စေ အောင်ထွန်းရွှေကား ဆိုကနေရသဖြင့် ကျေနပ်နေသည်။

ထွန်းရွှေ ၁၈ နှစ်သားတွင် မန္တလေးမှ ဇာတ်ဆရာဦးလှထူးနှင့် မင်းသမီးအောင်မြသင်းတို့ ရောက်လာကာ ထွန်းရွှေကို မန္တလေးသို့ခေါ်သည်။ ယူထားသောငွေကို လျော်ကြေးပေးသည်။ မိဘများကိုလည်း အသုံးငွေထပ်မံပြီး ပေးပြန်သည်။

မိဘများသည်လည်းကောင်း၊ ထွန်းရွှေသည်လည်းကောင်း မန္တလေးကို အထင်ကြီး၏။ ကြောက်လည်း ကြောက်ကြ၏။ မန္တလေးမှာ အနုပညာသည်တို့ ဦးခိုက်ဆုံစည်းရာ နေရာဖြစ်သောကြောင့် ကြောက်ရွံ့ကြ၊ အထင်ကြီးကြခြင်း ဖြစ်၏။ နောက်ဆုံးတွင် ထွန်းရွှေသည် ဦးလှထူး၊ အောင်မြသင်းတို့နှင့်အတူ မန္တလေးသို့ လိုက်ပါလာတော့၏။

ထိုအချိန်က မန္တလေးတွင် ဦးဖိုးစိန်နှင့် ဦးစိန်ကတုံး၊ ဦးအောင်မောင်း၊ ဦးအောင်ဗလတို့ နာမည်ကြီးနေချိန်ဖြစ်သည်ကို အစွဲပြု၍ သူ့နာမည်တွင် အောင်လည်းပါစေ စိန်လည်းပါစေလျက် "စိန်အောင်မင်း" ဟု အမည်

mgyoe.com

mgyoe.com



ပေးကြ၏။ ထိုအမည်ကိုပေးသူမှာ နန်းတော်ရှေ့ဆရာတင်နှင့် မြန်မာညွန့်ဆရာတင်၊ နယားပျံဆရာခတို့ ဖြစ်ကြ၏။

အရွယ်လည်းငယ်၊ အသံလည်းကောင်း၊ ရုပ်ချောသော စိန်အောင်မင်းမှာ ချက်ချင်းကျော်ကြားလာ၏။ သူနှင့်အပြိုင်ဖြစ်နေသူမှာ မြခြေကျင်း မငွေမြိုင်လက်သပ်မွေးထားသော ရွှေမန်းတင်မောင်ဖြစ်၏။ သို့သော် အောင်မြသင်းတို့က မမြှောက်စားပေ။

တစ်နေ့တွင် နန်းတော်ရှေ့ဆရာတင် ရောက်လာသည်။ ထွန်းရွှေနှင့် အောင်မြသင်းတို့၏ ဆက်ဆံရေးကိုကြည့်ပြီး မေမေသီချင်းကို ရေးပေးသည်။ စိန်အောင်မင်းကို လူကြိုက်များသော အချက်များတွင် ထိုမေမေသီချင်းလည်း ပါဝင်သည်။ ထိုသီချင်းကြောင့်လည်း စစ်ကိုင်းဘက်မှ အပျိုကြီးဒေါ်လှတင်နှင့် ဆက်သွယ်မိခြင်း ဖြစ်၏။

ဆရာတင်ရေးပေးသော မေမေသီချင်းမှာ ဤသို့ဖြစ်၏။

"တွေးကြည့်လျှင် မွေးသမိခင် အနိစ္စရောက်တာ၊ ရက်လတွေများပါ့ပေါ့လေ။ ကျွန်တော် တစ်ကောင်ကြွက် တစ်မျက်နှာနေ။ စိန်အောင်မင်းရဲ့ ကုသိုလ်ကံအတိုင်းပဲ ကံပစ်ချရာ၊ အမှန်ဖြစ်ရတော့မလေ။ ဖြစ်လေရာဘဝက သားအလှကို မြင်လှည့်ပါဦး မေမေရေ။

သံပြိုင် – သနားစရာအေ ဟုတ်ပါ့အေ၊ မမကလည်း မေမေခေါ်တာ မကြိုက်ဘူးလေ။ သနားစရာအေ ဟုတ်ပါအေ့။

"ကြွလာသော ဒေါ်ဒေါ်များရဲ့ ကျွန်တော့်ကို သနားသဖြင့် မေမေ။ မေမေ တစ်ခွန်းလောက်ခေါ်ပါရစေ။ ဘယ်လိုသဘောမှု မအောက်မေ့ပေမဲ့၊ တကယ့်မနောနဲ့ အကြောင်းဆက်ရေ–ရေ။ မောင်စိန်သတိရ မိမာတာကိုလေ၊ ဒေါ်ဒေါ်ရေ၊ မေမေ တစ်ခွန်းလောက် အလွမ်းပြေခေါ်ပါရစေ။

သံပြိုင်– အမှန်ပါ သနားစရာ၊ သူ့ခမျာ ပြောတဲ့အတိုင်းပေ။ အောင်

mgyoe.com

mgyoe.com


မြသင်း မမရေ
"အသက်သုံးဆယ်၊ အသက်လေးဆယ် အဒေါ်များနှင့် အောင်မင်းတွေ့ရင် မေမေရေ၊ အိုမေမေရေ။ စိန်အောင်မင်းကို မွေးစားပါတော့လေပြောရှာပေ။ နန်းတော်ရှေ့က ရေးတဲ့ တို့မေမေ။ အသားဖြူဖြူ၊ ပုပုလုံးလုံး၊ ဘီးဆံထုံးနှင့် မောင်စိန့် အမေ။ အညားညိုညို ကိုယ်နေမျက်နှာထား၊ အများကြီးတူတဲ့ ကျွန်တော့်မေမေ။ အပြည်ပြည်အနယ်နယ် အမေ အရွယ်တွေ၊ ကျုန်းခံ့သာစွ မာကြပါစေ။ ကျွန်တော့်ကဲ့သို့ အခြေကြည့်တော့ အမေမရှိတော့ အစ်မတို့ရယ် ကြွလိုစေ ကြောင်း သာသာကြည်ကြည် ပါတီဖွဲ့ဆိုမသွေ။ ရွှေမြို့တော် အသရေတိုးပေါ့လေ။ မေမေလို့ခေါ်သော အသင်းကြီး ဖွဲ့စို့ မသွေ။

သံပြိုင်– အမှန်ပါ မေမေ။
"လုံ့ချည်အဝါနဲ့ မေမေ။ စိန်အောင်မင်းရဲ့ ခေါင်းရင်းထားပါ့ မလေ။ နေစေရန် အမှန်ခွင့်တောင်းပေ။ ထဘီပြာနဲ့ မေမေ စိန်အောင်မင်းရဲ့ ခေါင်းရင်းထားပါမလေ။ နန်းတော်ရှေ့က ရေးပေးသော မေမေစခန်းပေ။ အရောင်းအဝယ်ကောင်းလို့ အပေါင်းတို့ မေမေ။ တောင်းဆုခြွေ မိတဆိုးလေး အမျိုးမျိုး သနားစရာပေ။

သံပြိုင်– အမှန်ပါ မေမေ။

သူ့အသက် ၂၅ နှစ်အရွယ်တွင် လေဘာတီမမြရင်က သူ၏ အငြိမ့်မှ ရှေ့ထွက်မင်းသမီးစိန်လေဒီကို စိန်အောင်မင်းနှင့် လက်ထပ်ပေး ခဲ့သည်။ စိန်လေဒီနှင့်ရသော သားသမီးများမှာ အောင်ညွန့်စိန်နှင့် အောင်ကြည်ဆွေ၊ သန်းသန်းစိန်၊ မိမိစိန်၊ အောင်ကိုဝင်းတို့ ဖြစ်ကြပေ၏။

mgyoe.com

mgyoe.com


အသက် ၃၉ နှစ်အရွယ်တွင် စိန်လေဒီ ကွယ်လွန်ပြီးနောက် စစ်ကိုင်းရွာသစ်ကြီး အရပ်သူ ဒေါ်သိန်းနှင့် လက်ဆက်သည်။ ဌေးဌေး စိန်နှင့် အောင်ကိုမင်းတို့ကို မွေးဖွားသည်။ တတိယဇနီးနှင့်မူ နုနုစိန် တစ်ယောက်တည်းသာ ထွန်းကားခဲ့ပေ၏။

၁၉၅၈–၅၉ ခုနှစ်တွင် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်နှင့် ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်ခဲ့ရာ အပြန်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၄ ရက် အသက် ၈၆ နှစ်တွင် အမှတ် ၂၅၊ ကျောက်ကုန်းနေအိမ်၌ မကွယ်လွန်မီ၊ ဘွဲ့တံဆိပ်နှစ်ခု ထပ်မံရရှိခဲ့သေးသည်။

၁၉၉၄ ခုနှစ်တွင် လူမှုထူးချွန် ပထမအဆင့်။

၁၉၉၅ ခုနှစ်တွင် ဝိဇ္ဇာထူးချွန် ပထမအဆင့်။

စိန်အောင်မင်းကို မြေတောင်မြှောက်ပေးသူမှာ ဒေါ်လှတင်ဖြစ်သည်။ ဒေါ်လှတင်ထုတ်ပေးသော ငွေဖြင့် ကိုယ်ပိုင်ဇာတ်ထောင်တော့မှ ခေတ်ပျက်သည်။ စိန်အောင်မင်းမှာ ဗုံးကြား၊ စက်သေနတ်ကြားတွင် သက်စွန့်ဆံဖျား ကပြ၍ရသော ငွေဖြင့် ကြွေးဆပ်ခဲ့ရသည်။ သူသည် လက်ရှိဇာတ်ခုံများထက် ကျယ်ဝန်းသော လဝန်းဇာတ်ခုံကို စီစဉ်ခဲ့ပြီး နိုင်ငံခြားကပြန်မှ ဖွင့်လှစ်နိုင်ခဲ့၏။

စိန်အောင်မင်း နိုင်နင်းသည်ဟု ထင်ရှားသောဇာတ်ထုပ်များမှာ–

(၁) ချင်းဖဝေး

(၂) ဆင်ကဲဘို့မယ်

(၃) စောအောင်စောနောင်

(၄) ရာဇသင်္ကြန်

(၅) မောင်မစ္စကတို့ဖြစ်ကာ လဝန်းဇာတ်ခုံတီထွင်အပြီးတွင်

mgyoe.com

mgyoe.com


(၆) ဘူရိဒတ်ဇာတ်တော်

(၇) ဥက္ကလာပသမိုင်းတို့ကို ကပြခဲ့သည်။ အဆိုပါဇာတ်ထုပ်များအနက် အထက်က ၅ ထုပ်ကို စိန်လေဒီ၊ သူရိယမတင်ကြည်နှင့် တွဲဖက်ကာ ဓာတ်ပြားသွင်းခဲ့၏။ စိန်အောင်မင်းနှင့် တွဲဖက်အညီဆုံးမှာ မင်းသမီး ဗလပြန်ဖြစ်သည်။ ဗလပြန်အပြီးတွင် သူရိယမတင်ကြည်ဖြစ်သည်ဟု ဆိုကြ၏။

❒

mgyoe.com

mgyoe.com




## မင်းသား ရွှေမန်းပန်တျာကြည်လင်

မင်းသားချော ရွှေမန်းပန်တျာကြည်လင်မှာ မန္တလေးမြို့ အရိုးအိုးကြီး ချည်ပါသားဖြစ်သည်။ သားရေကုန်သည်ကြီး ဦးအံ့၊ ဒေါ်စောမေတို့မှ ၁၉၄၀ တွင် ဖွားမြင်သည်။ သားသမီးခြောက်ယောက်အနက် တတိယ သားဖြစ်သည်။

တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသကဲ့သို့ သဘင်ပညာဝါသနာ ပါသည်။ မန္တလေးပန်တျာကျောင်း စဖွင့်လျှင်ဖွင့်ချင်း ဝင်ရောက်ပညာ သင်ယူသူများအနက် ပန်တျာကြည်လင်သည် တစ်ယောက်အပါအဝင် ဖြစ်သည်။ သူ ကျောင်းတက်စဉ်က အကနည်းပြဆရာမှာ ဦးရွှေနှောင်း ညိုဖြစ်သည်။

ပန်တျာကြည်လင်သည် ကျောင်းမှထွက်ပြီးနောက် မြို့တော် သိန်းအောင်ဇာတ်တွင် သုံးနှစ်သုံးမိုး ပညာသင်ယူသည်။ ထိုမှတစ်ဖန်

mgyoe.com

mgyoe.com


ရွှေမန်းတင်မောင်၏ညီ ရွှေမန်းဘိုကေထံတွင် ပညာသင်ယူပြန်သည်။

ရန်ကုန်မြို့ရှိ တက်တိုးဓာတ်ပြားကုမ္ပဏီပိုင်ရှင် ဦးတင်မောင်၊ ဒေါ်သန်းတို့သည် လူတော်လူကောင်းများဖြင့် ဇာတ်အဖွဲ့များ ဖွဲ့စည်းလျက်ရှိရာ ပြဇာတ်မင်းသား မျိုးချစ်ဘသော်နှင့်အတူ ပန်တျာကြည်လင်လည်း ပါဝင်ပေ၏။

အရွယ်ကောင်း၊ အသံကောင်း၊ ရုပ်ချော မင်းသားပန်တျာကြည်လင်သည် လူကောင်းများနှင့်လည်း တွဲဖက်ရသည့်အတွက် နေ့ချင်းညချင်း ထင်ရှားလာသည်။

၁၉၆၃ ခုနှစ် သဘင်ရာသီတွင် ပွဲချီစိပ်သော မင်းသားတစ်လက်အဖြစ် သတင်းကြီးရာက ဆက်လက်ထင်ရှားလာခဲ့ခြင်း ဖြစ်ပေ၏။

❐

mgyoe.com

mgyoe.com




## မင်းသား မဂ်လာသိန်းအောင်

မင်းသား မဂ်လာသိန်းအောင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည် ဇာတိဖြစ်သည်။ အဖကျောင်းဆရာ ဦးမြချမ်း၊ အမိ ဒေါ်သောင်းခင်တို့မှ ၁၂၉၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ မွေးချင်းလေးယောက်အနက် အငယ်ဆုံးဖြစ်သည်။ သဘင်ပညာတွင် ဝါသနာပါလွန်းသဖြင့် ရှစ်နှစ် သားအရွယ်တွင် မင်းသားစိန်ကျော်တင့်၊ စိန်မြခင်တို့ထံ၌ တပည့်ခံကာ ပညာသင်ယူခဲ့သည်။

၁၃၀၀ ပြည့်နှစ်ခန့်တွင် အသုတ်မြို့သို့ ရွှေမန်းထွန်းကြိုင်ဇာတ် လာရောက်ကပြသည်။ မိဘများမှာ ရွာနွားရွာမြက် မစားသကဲ့သို့ မိမကွဲဖမကွဲ ပညာရနေသော သား၏အခြေအနေကို မကျေနပ်ကြ။ သို့ကြောင့် ရွှေမန်းထွန်းကြိုင်ထံတွင် သားတပည့်အဖြစ် မှတ်ယူပါရန် အပ်လိုက်ကြ၏။

mgyoe.com

mgyoe.com


မောင်သိန်းအောင်သည် ရွှေမန်းထွန်းကြိုင်ထံ၌ ငါးနှစ်မျှ အရိုပ်ခိုပြီးသောအခါ မင်းသားတို့ တတ်အပ်သောပညာများ အတန်အသင့်ရလာပြီ။ သို့ဖြစ်သဖြင့် နာမည်ကျော်ကြားသော မင်္ဂလာဦးအောင်မောင်းဇာတ်သို့ ကူးပြောင်းခဲ့၏။ ဦးအောင်မောင်းသည် သူ့ကို "ရဲရဲတောက်သိန်းအောင်" ဟု ပွဲထုတ်ပေး၏။

မင်းသား ရဲရဲတောက်သိန်းအောင်သည် မင်္ဂလာဦးအောင်မောင်းထံတွင် တစ်နှစ်မျှ ပညာသင်ယူအပြီး၌ ဇာတ်ထောင်ပေးသူ ပေါ်လာ၏။ ဇာတ်ထောင်မှာ လေးမျက်နှာမြို့မှ ဆိုင်းဆရာကြီး ဦးစံပဖြစ်၏။ ဦးစံပ၏ဇာတ်မှာ တစ်နှစ်မျှ ကအပြီး၌ ဇာတ်ခေါင်းကွဲသွား၏။

ရဲရဲတောက်သိန်းအောင်မှာ ကိုယ်ပိုင်ဇာတ်ထောင်ရ ကောင်းနိုး၊ ဇာတ်ထောင်ရှာရ ကောင်းနိုးဖြင့် ချီတုံချတုံဖြစ်နေစဉ် ဇာတ်ထောင်တစ်ဦး ပေါ်လာ၏။ ငါးသိုင်းချောင်းမြို့မှ ဆိုင်းဆရာကြီး ဦးစိန်ဖေဖြစ်သည်။ သို့သော် နာမည်ပြောင်းရမည်။ မင်္ဂလာသိန်းအောင်ဟူ၍။

ရဲရဲတောက်သိန်းအောင်သည် သူ့ဆရာ ဦးအောင်မောင်း မှည့်ခေါ်ပေးသောအမည်မှာ ခေတ်နှင့်လည်း ကိုက်ညီသဖြင့် မပြောင်းလိုပေ။ သို့ရာတွင် မင်္ဂလာသိန်းအောင်အမည်မှာလည်း တစ်နည်းတစ်ဖုံ ငြိမ်သက်အေးချမ်းသဖြင့် သဘောတူလိုက်ရ၏။ သူ ၁၉ နှစ်သားတွင် လပွတ္တာမြို့ လွတ်လပ်ရေးအောင်ပွဲ၌ ဝင်ရောက်ကပြရ၏။

နိုင်ငံ၏ လွတ်လပ်ရေးမှာလည်း နိုင်ငံလွတ်လပ်ကတည်းက ခြိမ်းခြောက်ခံနေရသည်။ ဦးအောင်မောင်း၏ နိုင်ငံရေးစိတ်ဓာတ်လည်း အနည်းအကျဉ်း ကူးစက်ခံထားရသော မင်္ဂလာသိန်းအောင်သည် အော်ပရာတစ်ခု တီထွင်ကပြသည်။ ထိုအော်ပရာမှာ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်၏ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရသည်။ အော်ပရာအမည်မှာ "လွတ်လပ်ရေး တည်တံ့ပါစေ" ဟူ၏။

mgyoe.com

mgyoe.com


ထို့နောက် မင်းသား မင်္ဂလာသိန်းအောင်သည် ကိုယ်ပိုင်ဇာတ်ထောင်၏။ ခေတ်ပြိုင်ဇာတ်များက အမျိုးမျိုးဇာတ်ကိရိယာများ တီထွင်သော်လည်း သူ မတီထွင်နိုင်။ လေးနှစ်တိတိ တောင့်ခံအပြီးတွင်ကား ကိုယ်ပိုင်ဇာတ်ကို ဖျက်သိမ်းလိုက်ရလေတော့၏။

မင်္ဂလာသိန်းအောင် အသက် ၂၆ နှစ်အရွယ်တွင် ဇာတ်ထောင်ပေးသူများမှာ ရန်ကုန်မြို့ စမ်းချောင်းရပ်နေ ဦးသိန်း၊ ဒေါ်ရင်မေတို့ဖြစ်သည်။ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲမှ အစပြုပြီး အထက်မြန်မာပြည်တစ်ခွင် လှည့်လည်ကပြသည်။ ဇာတ်သက်၊ မင်းသားသက် ကြာမြင့်ပြီဖြစ်ငြား ယခုမှ နာမည်ကျော်ကြား ထင်ရှားလာတော့သည်။ ထိုကဲ့သို့ထင်ရှားလာသောကြောင့် မင်္ဂလာသိန်းအောင် ၂၇ နှစ်အရွယ်တွင် ပဒေသာဓာတ်ပြားကုမ္ပဏီ၌ ဓာတ်ပြားသွင်းခဲ့ရ၏။

ပဒေသာဓာတ်ပြားကုမ္ပဏီ၌ မင်္ဂလာသိန်းအောင် ဓာတ်ပြားသွင်းခဲ့သော ဇာတ်ထုပ်များမှာ–

(၁) မိဘမေတ္တာ သားလိမ္မာ

(၂) အင်္ဂပူဆရာဒင်ရေးသော "သမ္မာဇီဝကုမာရ"

(၃) ငါးဆူဒါယကာ

(၄) ပဥ္စသိန္ဓဝ ဇာတ်ထုပ်များဖြစ်၏။ အမှတ်စဉ် ၃ နှင့် ၄ မှာ အသံသွင်းပြီးခါမှ အစီအစဉ်ဖျက်သိမ်းသဖြင့် မထွက်ဖြစ်ပေ။

မင်္ဂလာသိန်းအောင်သည် ရန်ကုန်တွင် ၁၀ နှစ်ကျော် ၁၁ နှစ်ခန့် ကပြပြီး မန္တလေးသို့တက်လာရာ ပြန်မဆင်းတော့ပေ။ ၁၉၈၆ ဝန်းကျင်တွင်ကား မင်္ဂလာသိန်းအောင် စုစည်းသော "နန်းခိုင်ထိပ်တန်းဇာတ်" ကို တည်ထောင်ထား၏။ ရုံ၊ ဗလာမရွေး ကပြလျက်ရှိပေ၏။

❒

mgyoe.com

mgyoe.com





## မင်းသား အမယ်ကြီးအိုအောင်စိန်

မင်းသား အမယ်ကြီးအိုအောင်စိန်၏ ငယ်မည်မှာ မောင်အောင်သိန်း ဖြစ်၏။

သူသည် ရန်ကုန်ဇာတိ သာယာကုန်းချက်မြုပ်ဖြစ်သည်။ သဘင်မျိုးရိုးမရှိဘဲ ကုန်သည်မျိုးရိုး၊ အရာရှိမျိုးရိုးသာ ဖြစ်သည်။ သို့ရာတွင် မောင်အောင်သိန်း၏ ရင်တွင်းသဘင်စိတ်ကိုကား မည်သူမျှမရိပ်မိပေ။

မောင်အောင်သိန်း ၁၀ နှစ်သားတွင် အရိုးကုန်းရပ်ရှိ အဒေါ်များထံ သွားရောက်လည်ပတ်ရာက ၂ ရက်ကြာမှ ပြန်လာသည်။ ထိုအခါ ဖခင်က မည်သည့်အတွက် သည်မျှကြာမြင့်နေရသနည်း မေးရာ ပွဲကြည့်နေကြောင်း မောင်အောင်သိန်းက အမှန်အတိုင်းဖြေသည်။ ထိုအခါ ဖခင် စိတ်ဆိုးသောကြောင့် ပွဲကြည့်လိုက ဇာတ်ထဲလိုက်သွား ဟု ငေါ့ပြောသည်။

mgyoe.com

mgyoe.com



ရှေးလူကြီးများသည် စကားကို အတည့်မပြောဘဲ ရွဲ့ပြောတတ်၏။ ငေါ့ပြောတတ်၏။ သို့ရာတွင် မောင်အောင်သိန်း သတိမထားမိဘဲ အဖေ တကယ်ပြောတာလားဟု မေး၏။ ဖခင်ကလည်း စိတ်ဆိုးမပြေသေးသဖြင့် အေးဟု ဖြေ၏။ သားက သုံးခါမေးသောအခါ ဖခင်က သုံးခါဖြေကြား၏။

ဖခင်ထံမှ "ပွဲကြည့်ချင်ရင် ဇာတ်ထဲလိုက်သွား" ပြောစကားကို အတည်ပြုချက်ရသောအခါ မောင်အောင်သိန်းသည် ဝတ်စုံတစ်စုံစာ အပြည့်ဝတ်ပြီး အရိုးကုန်းရှိ ဇာတ်ရုံသို့လာခဲ့သည်။ ထိုအချိန်က ဇာတ်ရုံတွင် ဇာတ်တစ်ဇာတ်လည်းရှိနေရာ မောင်အောင်သိန်းက လူတစ်ယောက်ထံ သွားရောက်တောင်းပန်ပြီး တပည့်ခံသည်။ ထိုအချိန်က မောင်အောင်သိန်းကို တပည့်အဖြစ်လက်ခံပြီး ခေါ်သွားသူမှာ လူရွှင်တော် ဦးညဏ်ကျယ်ဖြစ်၏။

မောင်အောင်သိန်းသည် ဆရာနှင့် ဆရာကတော်ကို အလွန်ရိုသေ၏။ ဇာတ်သူဇာတ်သားများ၏ အနှိပ်အစက်လည်း ခံ၏။ သို့ကြောင့် မကြာမီပင် "အောင်သိန်းကျော်"ဟူသည့်အမည်ဖြင့် ဆရာက ပွဲထုတ်ပေးခဲ့၏။ မင်းသားအောင်သိန်းကျော်သည် တစ်ည ငါးကျပ်ရသော ဝင်ငွေဖြင့် ဆရာကို ၁၄ နှစ်လုပ်ကျွေးခဲ့၏။ ရန်ကုန်၊ မော်လမြိုင်၊ ကျိုက်ထိုနှင့် တကွ အနောက်ချောင်း၊ မအူပင်၊ ဒေးဒရဲ၊ ဖျာပုံတို့သို့ လှည့်လည်ကပြနေစဉ် တစ်ညတစ်ဆယ်ပေးသူ ပေါ်လာ၏။ ထိုခေတ် ထိုအချိန်က ခုနစ်ထွေအက၊ ၁၂ ထွေအက စသည်ဖြင့် အကအမျိုးမျိုးပေါ်နေရာ မင်းသားအောင်သိန်းကျော်လည်း ၁၂ ထွေအက ကသော မင်းသားများတွင် တစ်ယောက်အပါအဝင်ဖြစ်၏။ ထိုသို့ ၁၂ ထွေအကကို အောင်သိန်းကျော် ကပြရာတွင် "အမယ်ကြီးအို" အကမှာ အကောင်းဆုံးဖြစ်သည့်အတွက် အမယ်ကြီးအိုဘွဲ့ကို ပရိသတ်က ပေးကြသည်။

mgyoe.com

mgyoe.com


ဤသို့ဖြင့် အောင်သိန်းကျော်အမည်ပျောက်ကာ "အမယ်ကြီးအို အောင်စိန်"အမည်ရလာကာ ဦးအောင်သိန်းသည် လေဘာတီမမြရင်၊ သြဘာရအေးတင်၊ တရုတ်မ မကျင်စိန် စသည်ဖြင့် မင်းသမီးပေါင်းများစွာဖြင့် တွဲခဲ့၏။ အမယ်ကြီးအိုအောင်စိန် မတွဲဖူးသော မင်းသမီးရှားသည့်နည်းတူ အမယ်ကြီးအိုအောင်စိန် မလိုက်ဖူးသော ဇာတ်အဖွဲ့လည်း ရှားပါးလှသည်။

ဦးအောင်သိန်းသည် အမယ်ကြီးအိုအောင်စိန်အမည်ဖြင့် ပင်ပန်းတကြီး ကပြလုပ်ကျွေးနေငြား ဇနီးနှင့် ယောက္ခမက ထိုအလုပ်ကို သဘောမကျပေ။ သို့ကြောင့် ဦးအောင်သိန်းသည် သဘင်သည်ဘဝကို စွန့်လွှတ်ကာ "ဆင်ပေါင်ဝဲ" ပွဲရုံအမည်ဖြင့် ပြည်မြို့တွင် ပွဲရုံဖွင့်လုပ်လုပ်ကိုင်နေလေ၏။

သို့ရာတွင် ကံကြမ္မာက ဦးအောင်သိန်းကို ကုန်သည်ဖြစ်ခွင့်မပေးပေ။ ပြည်မြို့ကို လောင်သောမီးက ဦးအောင်သိန်းပွဲရုံနှင့် အိမ်ကိုပါ ဝါးမျိုသွားလေ၏။ သို့ရှိစဉ် ရွှေမန်းတင်မောင်ရောက်လာပြီး ဖွတ်ခေါ်သဖြင့် စာရေးဆရာအမယ်ကြီးအို ဦးအောင်စိန်အဖြစ် လိုက်ပါလာခဲ့ရပြန်လေတော့၏။

❐

mgyoe.com

mgyoe.com




## မင်းသား ကုလားမညွှန့်စိန်

မင်းသား ကုလားမညွှန့်စိန်မှာ အလွန်အသားမည်းသောကြောင့် ကုလားမ ဟုခေါ်ရစေကာမူ မင်းသားမင်းသမီး အဝတ်အစားဖြင့် မီးရောင်အောက်သို့ ဝင်လိုက်သောအခါ အလွန်လှအောင် မီးစားသူဖြစ်၏။

သူသည် မော်လမြိုင်ကျွန်းဇာတိဖြစ်၏။ ဦးဖိုးမြိုင်၊ ဒေါ်စောမြိုင်တို့မှ မွေးဖွားသော သားသမီးနှစ်ယောက်တွင် အစ်မကြီးဖြစ်သည်။ မောင်ငယ်မှာလည်း အငြိမ့်သမားဖြစ်သွားကာ အသက် ၄၀ အရွယ် လူရွှင်တော် ဥသြအဖြစ် ကွယ်လွန်သွားရှာသည်။

မိန်းမမင်းသားဖြစ်သည့် ကုလားမညွှန့်စိန်သည် မူလတန်းပညာကို ရေးတတ်ဖတ်တတ်ရုံမျှ သင်ကြားခဲ့သည်။ သူက ကျောင်းစာထက် အကအခုန် အတီးအမှုတ်ကိုသာ စိတ်ဝင်စားသည်။ ထို့ကြောင့် ရှေ့နေဦးဘသော် တည်ထောင်သည့် မဟာဒုတ်အသင်း၌ ယိမ်းမင်းသမီးအဖြစ်

mgyoe.com

mgyoe.com


ဝင်ရောက်ကပြသည်။

ကလေးဇာတ်အဖွဲ့တစ်ဖွဲ့ရှိသည်။ အမည်မှာ "သုံးပန်လှ ထိပ်တင်ညွှန့်" ဖြစ်သည်။ မညွှန့်စိန်သည် ထိုကလေးဇာတ်တွင် ကျရာ ဇာတ်ရုပ်ဝင်ရောက်လုပ်သည်။ မင်းသမီး၊ အပျိုတော်၊ မိန်းမကြမ်း စသည်ဖြင့်။

ဤသို့စဉ် မညွှန့်စိန်သည် ဆီကျော်စိန်တင်ကို ဆည်းကပ်မိ၏။ ဆီကျော်စိန်တင်မှာ ဂရိတ်ဦးဖိုးစိန်၏ ဇာတ်အဖွဲ့မှ မင်းသမီးဖြစ်၏။ ရေကျော်ရပ်မှ မင်းသမီးတစ်ယောက်ကို ချိုးလိုသောကြောင့် မှည့်ခေါ်ရာက ဆီကျော်စိန်တင်ဖြစ်လာသော မင်းသမီးကြီး ဖြစ်သည်။ ကုလား မညွှန့်စိန်၏ လက်ဦးဆရာဖြစ်သည်။

ကုလားမညွှန့်စိန်ဖြစ်လာမည့် မိန်းကလေးသည် ဆီကျော်စိန်တင်ထံမှ သဘင်ပညာနှင့်စပ်လျဉ်းသော အတတ်ပညာများကို သင်ယူတပည့်ခံနေရာက မင်းသားကြီးဦးစော်ဘွားထံ ရောက်သွားပြန်သည်။ ထို့နောက် မင်းသား ဗန္ဓုလကျော်စိန်ဇာတ်သို့ ရောက်ရှိသွားပြန်၏။ ဇာတ်မင်းသမီးတို့ တတ်အပ်သော အဆိုအငို အပြောပညာ အဖြာဖြာတို့ကိုမူ မင်းသားတောကျော်ထံမှ သင်ကြားတတ်မြောက်ခဲ့၏။

သူသည် တစ်လျှောက်လုံး မင်းသမီးအဖြစ် ကပြခဲ့ရာ အသက် ၂၃ နှစ်အရောက်တွင် မင်းသားဖြစ်ဖို့ အကြောင်းဖန်လာ၏။ ဖန်လာပုံမှာ သူနှင့်တွဲကနေသော ဒေါင်းဖိုအမည်ရှိသည့် မင်းသားကို ပရိသတ်က "မင်းသမီးကို တို့ပါဆိတ်ပါ" ဟု ပွဲတောင်းကြခြင်းဖြစ်ပေ၏။

သူ့ခေတ်သူ့အခါအရ ဟီရိုသြတ္တပ္ပတရား ရှေ့ထားနေချိန်ဖြစ်ရာ မင်းသမီးရှက်သည်။ မင်းသမီးအဖြစ် နောက်နောင်တွင် မကတော့ရန် ဆုံးဖြတ်ဖြစ်သည်။ ထိုသို့ ဆုံးဖြတ်နိုင်စေရန် အထောက်အကူပြုသော အရာမှာ သူ၏အရပ်အမောင်းနှင့် အသံများ၊ အကများဖြစ်ပေ၏။ သူ၏ ဆုံးဖြတ်ချက် အောင်မြင်စေရန် ပရိသတ်ကလည်း အားပေးရာ

mgyoe.com

mgyoe.com



ပွဲကြည့်ပရိသတ်တို့ စွဲလမ်းတမ်းတရသော မင်းသားတစ်လက်ဖြစ်ခဲ့၏။

ကုလားမညွန့်စိန်၏ မင်းသားအမည်မှာ "အောင်ညွန့်စိန်" ဖြစ်သည်။ အောင်ညွန့်စိန်၏ ဇာတ်ပိုင်ရှင်များမှာ ရန်ကုန်မြို့မှ အပျိုကြီး ညီအစ်မ ဒေါ်ညိုနှင့် ဒေါ်လှတို့ဖြစ်သည်။ မင်းသားအမည်မှာ အောင်ညွန့်စိန် ဖြစ်စေကာမူ သူ့ပရိသတ်ကမူ 'မင်းသားကုလားမညွန့်စိန်' ဟူ၍သာ ခေါ်ကြ၏။

သူ ကပြခဲ့သော ဇာတ်ထုပ်များအနက် အနိုင်နင်းဆုံးဇာတ်ထုပ် များမှာ–

(၁) ရွှေလူဝံ
(၂) ပဲခူးသမိုင်း
(၃) ရေငန်ပိုင်ဦးရှင်ကြီး
(၄) ရှင်သီဝလိ
(၅) ငွေကုမ္ဘာန်ဘီလူး
(၆) ပဒုမ
(၇) ပုဖ္ဖယက္ခ
(၈) မိတ္တဝိလာကန်တော်သမိုင်း
(၉) ဇီဝိတသာမဏေ စသည်တို့ဖြစ်သည်။

ရွှေလူဝံမှာ သူ့ဆရာမင်းသားတောကျော် နိုင်နင်းသကဲ့သို့ သူလည်း နိုင်နင်း၏။ သူ နိုင်နင်းပုံမှာ ဆရာတောကျော်ကိုယ်တိုင် ချီးကျူးရသည်အထိ ဖြစ်၏။ သူသည် မင်းသားတိုင်း မင်းသမီးတိုင်း မတတ်ကျွမ်းသော 'ယောဉ်ကျူး" သည့် ဘက်တွင်လည်း စွမ်းစွမ်းတမံ ကျွမ်းကျင်သည် ဆိုပေ၏။

ကုလားမညွန့်စိန်သည် အသက် ၅၀ အရွယ်တွင် မင်းသားအလုပ်မှ အနားယူခဲ့၏။ သူ၏ခင်ပွန်းမှာ နဲ့ဆရာ ဦးသူတော်ဖြစ်၏။

mgyoe.com

mgyoe.com



သူသည် မင်းသားအောင်ညွှန့်စိန်အမည်ဖြင့် အောက်ပါ မေတ္တာပို့တေးကို ဆိုလေ့ရှိ၏။

"သဗ္ဗေသတ္တာ ဝေနေယျာအများတို့ × × စိတ်သွားတိုင်း ကိုယ်ပါစေ × × လိုရာဆန္ဒ သဗ္ဗစိတ္တ ပြည့်စုံတော်မူကြပါစေ × × လက်ယာအောင်သပြေ × × မပျက်ပါ ညောင်ရေ × × ဘေးအပေါင်းရန်ကွာ × ကျန်းမာကြစေ (မာရဲ့လားလေ × × သာရဲ့လားလေ)၂ သဘောစိတ်မှာ × အနောဒိသာ × ဩဒိဿမေတ္တာရေ × × အောင်ပါစေယခု × × ဇေယျတုဖြာဝေ × တင်ပဏ္ဏာခြွေ × × ဆင်ကာရဝေ × × ကြွလာကြတဲ့ မိဘများကိုမေးပါရတော့ × × အောင်ညွှန့်စိန်ကလေ × × မာကြရဲ့လားဗျာ × × ကျန်းမာပါစေ × × စကားလက်ဆောင်ဝေ"

❒

mgyoe.com

mgyoe.com





## မင်းသား ဦးအောင်ငြိမ်း

"နေ့ရောညရော အရောင်မမှိန်၊ အောင်ငြိမ်းတက်ခေတ်စိန်" ဟူသည့် သီချင်းဖြင့် နာမည်ကြီးခဲ့သော မင်းသား ဦးအောင်ငြိမ်း၏ အမည်ရင်းမှာ အေးငြိမ်းဖြစ်သည်။ သူသည် ရွှေမန်းဇာတိဖြစ်ပြီး အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းတွင် မူလတန်းအထိ ပညာသင်ခဲ့၏။ ရွှေကုန်သည် ဦးလှရွှေ၊ ဒေါ်လှဲ့တို့မှ မွေးဖွား၏။ ငယ်ရွယ်စဉ် ကျောင်းနေစဉ် အရွယ်ကစပြီး စာသင်ကြားရေးထက် ကခုန်တီးမှုတ်ရေးကိုသာ စိတ်ဝင်စားသဖြင့် နာမည်ကျော် ရှေးလူရွှင်တော်ကြီး "ဦးစိန်ရုံး" တည်ထောင်ထားသော ကလေးဇာတ်ထဲသို့ ဝင်ရောက်ခဲ့၏။ မောင်အေးငြိမ်းသည် ကလေးဇာတ်၏ လူရွှင်တော်ဖြစ်၏။ လူရွှင်တော်အမည်မှာ အေးငြိမ်းပင် ဖြစ်သည်။

ထိုကလေးဇာတ်တွင် ခေါင်းဆောင်မင်းသားမှာ စိန်မြသွင်ဖြစ်

mgyoe.com

mgyoe.com


သည်။ တစ်ညတွင် ပွဲကရန်စီစဉ်ထားစဉ် စိန်မြသွင် အပြင်းဖျားနေရာ ဇာတ်ဆရာ ဦးစိန်ရုံး ကြံရာမရဖြစ်နေလေ၏။ ထိုအခါ လူရွှင်တော် အေးငြိမ်းက ဦးစိန်ရုံးထံချဉ်းကပ်ပြီး မင်းသားအဖြစ် ကပြခွင့် တောင်းပန် တောင်းခံလေ၏။

ဦးစိန်ရုံး ကြံရာမရဖြစ်နေစဉ် ပေါ်ပေါက်လာသော အေးငြိမ်းကို အောင်ငြိမ်းဟု အမည်ပြောင်းကာ ကပြခွင့်ပြုလိုက်၏။ ကလေးမင်းသား အောင်ငြိမ်းသည် ကလေးမင်းသမီး ဥက္ကလာအေးကြည်နှင့် တွဲဖက်ကပြ ရာ တစ်စတစ်စ လူကြိုက်များလာသည်။ ဤတွင် ကလေးမင်းသား အောင်ငြိမ်းသည် ရွှေမန်းမြို့ရှိ သဘင်ပညာရှင်ကြီးများထံ ချဉ်းကပ်ပြီး ပညာဆည်းပူးခဲ့သည်။

မျှားမကြာမီ မောင်အေးငြိမ်းသည် ရတနာပုံရွှေမြို့တော်မှ ထွက်ခွာလာခဲ့ကာ ဦးဖိုးဆင်၊ မအရှာဘီတို့ တည်ထောင်ထားသောဇာတ် တွင် ခေါင်းဆောင်မင်းသားလုပ်သည်။ သူနှင့်တွဲရသော မင်းသမီးမှာ မညွန့်ရီဖြစ်သည်။ မင်းသားအောင်ငြိမ်း မင်းသမီးမညွန့်ရီအမည်သည် ဦးဖိုးစိန်ကြီး တုန်လှုပ်အောင် ထက်အောက်တစ်နံတစ်လျား ကျော်ကြား သည်။

သို့ကြောင့် ဂရိတ်ဦးဖိုးစိန်ကြီးက မင်းသားအောင်ငြိမ်း၏ ဇာတ် တစ်ဖွဲ့လုံးကို လစာငွေ ၁၅၀၀ ကျပ်။ မင်းသားအောင်ငြိမ်းကို ၃၀၀ ကျပ်ပေး၍ သူ့ဇာတ်တွင်ခေါ်ထားကာ အသုံးပြုသည်။ မင်းသား အောင်ငြိမ်းသည် ဂရိတ်ဖိုးစိန်ကြီး၏ ဇာတ်တွင် ၂ နှစ်မျှသာနေပြီးနောက် ခွဲထွက်လာသည်။ မင်္ဂလာဦးအောင်ငြိမ်းဇာတ်အဖွဲ့ကို ဖွဲ့စည်းလိုက် တော့သည်။

ထိုသို့ အသစ်ဖွဲ့စည်းသော မင်္ဂလာအောင်ငြိမ်းဇာတ်တွင် မင်းသား အောင်ငြိမ်းနှင့်တွဲရသော မင်းသမီးများမှာ ဘိလပ်ပြန်မဗလခင်၊ တလိုင်းမ

mgyoe.com

mgyoe.com


မငွေခင်၊ မငွေကျင်၊ ယိုးဒယားမသိန်းမေ၊ ပဲခူး မကျော်တင့် စသည်တို့ ဖြစ်၏။ မင်းသားအောင်ငြိမ်းမှာ ကြိုးက၊ ကလပ်ကများတွင် တစ်မူထူးခြားကောင်းမွန်သောကြောင့်လည်း ထင်ရှားကျော်ကြား၏။

"နေ့ရောညရော အရောင်မမှိန်" သီချင်းပေါ်လာရခြင်းမှာ မင်းသားတက်ခေတ်စိန်ကို မြေတောင်မြှောက်ပေးသောအားဖြင့် "တက်ခေတ်စိန်" သဘင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့စဉ်က ပွဲကြည့်ပရိသတ် စွဲလမ်းနှစ်သက်သောကြောင့် လူတိုင်း၏ပါးစပ်ဖျားသို့ရောက်သွားသော တေးသီချင်းဖြစ်ပေ၏။

မင်းသားအောင်ငြိမ်းသည် ဒုတိယကမ္ဘာစစ်ပြီးမှ အိမ်ထောင်ပြု၏။ အိမ်ထောင်ဖက်မှာ နာမည်ကျော်မင်းသမီး အဆိုတော် "လှလေးစိန်" ဖြစ်သည်။ သားသမီး မထွန်းကားပေ။ နိုင်ငံတော်ကစေလွှတ်သော ယဉ်ကျေးမှုအဖွဲ့ဖြင့် ပါကစ္စတန်နိုင်ငံနှင့် တရုတ်ပြည်သို့ သွားရောက်ဖူးသည်။ ကျန်းမာရေးအခြေအနေကြောင့် သဘင်အလုပ်ကို ရပ်နားထားသော်ငြား ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပန်တျာကျောင်းက အကနည်းပြအဖြစ် လစာသုံးရာပေးကာ ခေါ်ယူထားခဲ့၏။

မင်းသား ဦးအောင်ငြိမ်းသည် အသက် ၆၅ နှစ်အရွယ်တွင် သလိပ်ခဲလည်ချောင်းရောဂါဖြင့် ၁၉၅၆ ခုနှစ် ဇွန်လက အနိစ္စရောက်သည်။

❐

mgyoe.com

mgyoe.com




## မင်းသား တိုင်းချစ်သန်းစိန်

မင်းသားတိုင်းချစ်သန်းစိန်ကို တောင်ငူမြို့ အုန်းပင်စုရွာတွင် ၁၂၉၂ ခုနှစ်တွင် ဦးဆော့တင်၊ ဒေါ်သော့တို့မှ မွေးဖွားခဲ့သည်။ သားသမီးခုနစ်ယောက်အနက် တတိယသားဖြစ်သည်။

ဇာတ်သဘင်မျိုးရိုးမရှိသော်လည်း အကအခုန်၌ အလွန်ဝါသနာကြီးသည်။ သို့ဖြစ်သဖြင့် အသက် ၁၁ နှစ်အရွယ်တွင် မိဘများခွင့်ပြုချက်အရ ရာဖြတ်စိန်လေးထံတွင် သုံးနှစ်သုံးမိုး တပည့်ခံကာ ပညာသင်ယူခဲ့သည်။ ရာဖြတ်စိန်လေးဆိုသည်မှာ မင်းသားရာဖြတ်စိန်ကြီး၏ တပည့်ဖြစ်သောကြောင့် မှည့်ခေါ်ထားသော အမည်ဖြစ်၏။

သူသည် ထိုမှတစ်ဆင့် မန္တလေးမြို့သို့ ရောက်သွားကာ မင်းသားကြီးဒဂုန်တင်ထံ၌ တပည့်ခံကာ ပညာသင်သည်တွင် "တိုင်းချစ်သန်းစိန်" အမည်ရလာ၏။ ထိုဆရာထံတွင် ပညာယူ ကပြခဲ့ပြီးနောက် ပျော်ဘွယ်

mgyoe.com

mgyoe.com


မြို့မှ ဇာတ်ဆရာဦးစံမြိုင်ထံသို့ ရောက်သွားပြန်သည်။

တိုင်းချစ်သန်းစိန်သည် ဦးစံမြိုင်ဇာတ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းပါ လှည့်လည်ကပြရာ သုံးနှစ်ကြာမြင့်သည်။ ထိုမှ တစ်ဖန် တိုင်းချစ်သန်းစိန်သည် ရမည်းသင်းမြို့ ဦးရွှေကံထံ ရောက်သွားပြန်သည်။ ဤအခါတွင်ကား သာစည်နှင့် ရမည်းသင်း၊ ပျဉ်းမနားနယ်တစ်ဝိုက်တွင်သာ လှည့်လည်ကပြရာ ငါးနှစ်မျှကြာမြင့်သည်။

တစ်နေ့တွင် တိုင်းချစ်သန်းစိန်သည် ရန်ကုန်မှ ဇာတ်ဆရာတစ်ယောက်နှင့် ဆက်သွယ်မိ၏။ ရမည်းသင်း မော်တော်ယာဉ်ဥက္ကဋ္ဌ ဦးအောင်ဖေနှင့် ဦးမြင့်တို့၏ ဆက်သွယ်ပေးမှုကြောင့် ဖြစ်သည်။ ထိုသူများ ဆက်သွယ်ပေးသော ဇာတ်ဆရာမှာ သဘင်နယ်တွင် မသိသူမရှိ၊ မင်းသားမင်းသမီးများကို မြေတောင်မြှောက်ပေးရာတွင် အလွန်ထင်ရှားသော ဦးကြင်ဖြစ်သည်။

တိုင်းချစ်သန်းစိန်သည် ဦးကြင်နှင့် သုံးနှစ်စာချုပ်ချုပ်ကာ မြန်မာပြည်အနှံ့ လှည့်လည်ကပြခဲ့ရာ တစ်နှစ်တည်းဖြင့် အောင်မြင်ကျော်ကြား လူသိများခဲ့သည်။ ထို့ကြောင့် စာချုပ်သက်တမ်းသုံးနှစ်ကုန်ဆုံးအပြီးတွင် ထပ်မံပြီး သုံးနှစ်သက်တမ်းရှိသည့် စာချုပ်တစ်ခု ထပ်မံချုပ်ဆိုပြန်၏။

သူသည် အနေအထိုင် ရိုးသား၏။ တည်ငြိမ်၏။ မာနမရှိ။ ဇာတ်နှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် ဇာတ်ဆရာနှင့် မန်နေဂျာများကသာ တာဝန်ယူဆောင်ရွက်ကြ၏။ သူကား မမေးလာလျှင် မပြော။ အေးဆေးစွာနေလေ့ရှိ၏။ သူ၏ ဆိုပေါက် ပြောပေါက်မှာ ရွှေမန်းတင် မောင်နှင့် စိန်အောင်မင်းတို့နှင့် ဆင်တူလျက်ရှိ၏။ တစ်ခါတစ်ရံ အော်ငေါက်ပြီး ဆိုလိုက်သောအသံမှာ ဆိုင်းဝိုင်းထဲမှ ဆရာကြီးဦးဘမောင်ပင် သတိထားခေါင်းထောင်လာရတတ်သည်ဟု ဇာတ်ဆရာဦးကြင်က ပြော၏။

mgyoe.com

mgyoe.com


တိုင်းချစ်သန်းစိန်သည် ၁၉၇၅ ခုနှစ်က ပဒေသာဇာတ်ပြား၊ ကုမ္ပဏီတွင်လည်း မြိုင်ထနှင့် နှစ်ပါးသွားအပြင် ဇာတ်ထုပ်ရှစ်ထုပ်ပါ အသံသွင်းပေးပြီး ဖြစ်သည်။ သို့သော် မည်သို့ပင် သဘင်ပညာသည် အဖြစ် အောင်မြင်နေစေကာမူ သူသည် ကုန်သည်အလုပ်ဖြင့်သာ အရိုး ထုတ်ရန် အားသန်လျက် ရှိ၏။

❐

mgyoe.com

mgyoe.com




## မင်းသား ပန်တျာကျော်ဝင်း

ငယ်နာမည် အငွေဖြစ်သည်။ အစ်ကိုမှာ ယိုးဒယားပြန် စိန်မြဝင်းဖြစ်သဖြင့် မျိုးနှင့်ရိုးနှင့် သဘင်သည်ဟု ခေါ်နိုင်ပေသည်။ ၁၉၄၀ ပြည့်နှစ်တွင် မော်လမြိုင်ကျွန်းမြို့၌ ဦးဖိုးဖေ၊ ဒေါ်တင်တို့မှ ဖွားမြင်သည်။ သားသမီး ခုနစ်ယောက်အနက် သားယောကျ်ားများတွင် အထွေးဆုံးဖြစ်သည်။

သူသည် မန္တလေးမြို့ ပန်တျာကျောင်းတွင် အကနှင့်ဆိုတီး စန္ဒရားသင်တန်းကို ငါးနှစ် တက်ရောက်သင်ကြားခဲ့သည်။ ပန်တျာကျောင်းသားဘဝတွင်လည်း အငွေသည် အထက်မြန်မာနိုင်ငံ အရပ်ရပ်သို့ သွားရောက်ကပြခဲ့ဖူးသည်။ သူသည် ထူးချွန်သော ကျောင်းသား တစ်ယောက်လည်း ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် ကျင်းပသည့် ပုထိုးတော်ကြီး ထီးတင်ပွဲ၌ ကနက်စိန်၊ ရွှေမန်းတင်မောင်တို့ကဲ့သို့သော ပညာရှင်ကြီးများနှင့်အတူ

mgyoe.com

mgyoe.com


ကပြနိုင်ခဲ့သောကြောင့် ဗမာ့ခေတ်သတင်းစာက ချီးမြှင့်သော ရွှေတံဆိပ်ဆုကို ရရှိခဲ့၏။ ထိုနှစ်အတွင်း၌ ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပသည့် ပြပွဲတွင်လည်း မန္တလေးပန်တျာကျောင်းမှ လာရောက်ကပြရာ ဂရိတ်ဖိုးစိန်နှင့်တူအောင် ကပြပြောဆိုနိုင်သဖြင့် ချီးမွမ်းခြင်းခံရသည်။

အငွေသည် ၁၉၅၈ ခုနှစ်တွင် ကျောင်းထွက်သည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တည်ထောင်သော "ရွှေမန်းမင်္ဂလာ" အမှတ် ၁ ဇာတ်အဖွဲ့တွင် ခေါင်းဆောင်မင်းသားအဖြစ် တာဝန်ယူသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကျင်းပသော မြန်မာ–တရုတ် နယ်နိမိတ်စာချုပ်ချုပ်သောပွဲ၌ အဖွဲ့ငယ် ၂ ခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။ ထိုစဉ်က သူသည် ဇရာဝတီပြောသောပုံပြင်နှင့် စန္ဒကိန္နရီအက ပြဇာတ်များကို ဆိုဗီယက်ပြန်နွဲ့နွဲ့စန်းနှင့် တွဲဖက်သရုပ်ဆောင် ကပြခဲ့သည်။

သို့အတွက် ၁၉၆၁ ခုနှစ်တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ချီးမြှင့်သော ကျားခေါင်းဆုတံဆိပ်ကို လက်ခံရရှိသည်။

တရုတ်ပြည်မှ ပြန်ရောက်လာသောအခါ အစ်ကိုဖြစ်သူ ရွှေမန်းပန်တျာမြဝင်းနှင့်အတူ ကိုယ်ပိုင်ဇာတ်ထောင်ကာ ကပြခဲ့ကြ၏။ သို့ရာတွင် ၁၉၆၃ ခုနှစ်သို့ရောက်သောအခါ စိန်မြဝင်းက ပခုက္ကူမြို့ ရှမ်းမလေးငွေကြင် တည်ထောင်သောဇာတ်သို့ ခေါင်းဆောင်မင်းသားအဖြစ် ရောက်သွားသည်။

အငွေကား မြို့တော်သိန်းအောင် ကျန်းမာရေးအရ နားနေခိုက်တွင် ဖွဲ့စည်းသော မြို့တော်အဖွဲ့သားများ၏ဇာတ်တွင် ခေါင်းဆောင်မင်းသား ပန်တျာကျော်ဝင်းအဖြစ် ကပြနေသည်။ ထိုအဖွဲ့ကို မန္တလေးမြို့ ထီးရိုးဝင်းနေ ဦးသန်းဝေ၏ သားများက စုစည်းဖွဲ့စည်းထားခြင်း ဖြစ်၏။

❒

mgyoe.com

mgyoe.com




## မင်းသား ရွှေမြိုင်စိန်မောင်

မင်းသား ရွှေမြိုင်စိန်မောင်၏ အမည်ရင်းမှာ မောင်တင်မြင့်ဖြစ်သည်။ မိဘများက ချစ်စနိုးဖြင့် "အမြင့်" ခေါ်ရာက အားလုံး၏နှုတ်ဖျားတွင် အမြင့်ဖြစ်နေ၏။

အမြင့်သည် ဇာတ်သဘင်မျိုးရိုးရှိ၏။ အကြောင်းသော်ကား သူ့ဦးလေးအရင်းမှာ မင်းသားကျော်ဝင်းစိန် ဖြစ်နေသောကြောင့်တည်း။ သူသည် သဘင်ပညာကို ကိုးနှစ်သားကစတင်ပြီး သင်ယူဆည်းပူးခဲ့၏။ လက်ဦးဆရာများမှာ ရုပ်သေးမင်းသား ဦးအောင်မာဒင်နှင့် ဦးမျောက်ရှုံး၊ ဝိဇ္ဇာမောင်တို့ဖြစ်သည်။

သူသည် ၁၂ နှစ်သားတွင် ဇာတ်စီးခေါင်းဆောင် ဖြစ်လာခဲ့သည်။ မိဘများမှာ ဘီလူးကျွန်း တောင်စွန်းရွာနေ ကုန်သည် ဦးအောင်တင်၊ ဒေါ်ကြွေတို့ ဖြစ်သည်။ သူ့ကို ၁၉၄၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။

mgyoe.com

mgyoe.com


သားသမီးလေးယောက်တွင် အကြီးဆုံးဖြစ်သည်။

သူသည် ဇာတ်စီးခေါင်းဆောင်မင်းသား ဖြစ်လာစေကာမူ ဦးလေးဖြစ်သူ ကျော်ဝင်းစိန်ထံ၌ တပည့်ခံဆဲ လေ့လာသင်ယူဆဲရှိသေးသည်။

❒

mgyoe.com